mgyoe.com

SAMPLE BOOK


# ဟိုဝေးဝေးက
# တောင်ကျွန်းလေး

မိမိုး



mgyoe.com

mgyoe.com SAMPLE BOOK



ဟိုးဝေးဝေးကတောင်ကုန်းလေး

9 782025 001521

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၅၂)

# ပုံနှိပ်မှတ်တမ်း




## မိမိုး

## ဟိုဝေးဝေးက တောင်ကုန်းလေး


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဒီဇိုင်း ♦ **Ancient**

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၈၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘောကျင်း ၂ လမ်း။
သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား။
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

မိမိုး
ဟိုဝေးဝေးက တောင်ကုန်းလေး / မိမိုး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၄၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၅၂) ဟိုဝေးဝေးက တောင်ကုန်းလေး


mgyoe.com

mgyoe.com SAMPLE BOOK

မြို့လေးနဲ့ တောင်ကုန်းဟာ ခွဲလို့မရဘူး။ မြို့ကလေးရဲ့နာမည်ကို ရွတ်လိုက်တာနဲ့ ဒီတောင်ကုန်းလေးရှိနေတာ လူတိုင်းလိုသိကြတယ်။ တောင်ကုန်းလေးလို့ ဆိုလိုက်တာနဲ့ မြို့ကလေးကို ပြေးမြင်တတ်ကြတယ်။ တောင်ကုန်းလေးတစ်ခုကလွဲပြီး ကျန်တဲ့ဧရိယာတွေက ဖျာလိပ်လေးတစ်ခု ဖြန့်ခင်းထားသလို ပြန့်ပြန့်ပြူးပြူးရှိနေတဲ့ မြေပြင်သက်သက်နဲ့ မြင့်မြင့်မားမား တခြားတခြားသော တောင်တန်းတွေ မရှိဘဲ မြေပြန့်ထက် သိသိသာသာလေး မြင့်နေလို့သာ 'တောင်'လို့ အမည်သညာ ထည့်ခေါ် ရတဲ့ တောင်ကုန်းလေး တွဲဖက်တည်ရှိနေတဲ့ ဒီမြို့လေးမှာ တောင်ကုန်းပေါ်က အိမ်လေးသုံးလုံးဟာ စိတ်ဝင်စားစရာဇာတ်လိုက် ဖြစ်နေခဲ့တယ်။

မြို့ခံလူတွေ ပြောတတ်ကြတာကတော့ 'ထူးဆန်းတယ်' တဲ့။ ဟုတ်တယ်၊ ဒီတောင်ကုန်းပေါ်က အိမ်လေးသုံးလုံးမှာ ဘယ်သောအခါမှ မြို့ခံလူသက်သက် မနေတတ်ကြဘဲ တစ်ဝေးတစ်နယ်ကလူတွေ လာလာပြီး နေတတ်ကြတာ ထူးဆန်းတာပေါ့။ ပြီးတော့ သူတို့ သူတို့တွေက အကြာကြီးလည်း မနေတတ်ကြဘူး။ ဘယ်ချိန်ဘယ်ခါ ပြောင်းရွှေ့သွားတယ် ဆိုတာလည်း မြို့ခံတွေ မသိကြဘူး။ ရောက်လာကြတယ် နောက်ထွက်သွားကြတယ် ဆိုတာမျိုး။ သေချာတာကတော့ သူတို့က အကြာကြီးမနေတတ်ကြတဲ့ လူစိမ်းတွေပဲ။ သူတို့ချင်းရော သိကျွမ်းခင်မင်မှု ရှိမလားဆိုတာ မပြောတတ်ပေမယ့် တခြားသူတွေအတွက်တော့ သူတို့က သူစိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ပါပဲ။

အခုလောလောဆယ် အနေအထားအရတော့ ဒီတောင်ကုန်းလေးပေါ်က အိမ်လေးနှစ်လုံးမှာ လက်ရှိနေထိုင်သူ ရှိတယ်။ တစ်ပါးသော အိမ်လေးကတော့ ပိတ်ထားမြဲ ပိတ်ထားစဲဆိုတော့ နေသူမရှိဘူးလို့ သိထားခဲ့ကြရာက တစ်နေ့ကစလို့ ပြတင်းတံခါးတွေ ပွင့်နေတယ်။ ဒီတော့လည်း လူသစ်တွေ ရောက်လာပြန်ပြီပေါ့။ ဒီလောက်ပါပဲ။

လူတွေဆိုတာ ကိုယ့်အရေးကိစ္စနဲ့ ကိုယ်တောင် အားလပ်ကြတာမဟုတ်တော့ သတိပြုမိသူတွေကလည်း ဪ... ဆိုတဲ့ အသိလေးတစ်ချက်က လွဲပြီး ထူးထူးထွေထွေ စိတ်ဝင်စားမနေခဲ့ကြဘူး။ ဘာပဲပြောပြော တောင်ကုန်းပေါ်က အိမ်လေးသုံးလုံးမှာ နေထိုင်သူ အသီးသီး ရှိနေကြပြီဆိုတဲ့ ကိစ္စဟာ ပန်းချီကား တစ်ချပ် အသက်ဝင်လာသလိုပါပဲ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

'ဒေါက်...ဒေါက်...ဒေါက်...ဒေါက်'

'ဒုန်း...ဒုန်း...ဒုန်း...ဒုန်း'

အိပ်ချင်လွန်းတဲ့စိတ်က ကြီးစိုးနေတော့ နားက အသံကို ကြားတယ်။ ဘယ်သူလဲ ထဖို့ လုပ်တယ်။ ဘယ်လိုမှ ချက်ချင်း ထမရဘူး။ လေးလံနေတဲ့ မျက်ခွံတွေက ပင့်ဖွင့်လိုက်ဖို့တောင် မနည်းအားယူ ကြိုးစားနေရတာဆိုတော့ လူတကိုယ်လုံး လှုပ်ဖို့ ထဖို့ဆိုတာ အဝေးကြီးပဲ။ ခေါက်နေတဲ့သူကလည်း ငွဲကောင်းလိုက်တာဆိုတာမှ ဒေါက်နဲ့မရတော့ ဒုန်းအဆင့်ဖြစ်နေပြီ။ နေပါဦး ငါ့မှာ ဒီလောက် တရင်းတနှီး တံခါး ဆက်တိုက်ခေါက်နှိုးစရာလူ ရှိလို့လား တွေးမိပြန်တော့ ပိုအံ့ဩရတယ်။ ကုန်းရုန်းထကြည့်ပြီး လေးဘက်ထောက် အနေအထားကြီးနဲ့ သူ ဆက်စဉ်းစားတယ်။ မရှိဘူး ဘယ်လိုတွေးတွေး မရှိဘူး။ မရှိလည်း ပြန်အိပ်ကွာဆိုပြီး တေပေပြီး ပြန်အိပ်ချမိတယ်။ အနားက 'ဘဲကြီး' ကလည်း သူ့ကို လှမ်းကြည့်ရင်း ညှောင်ခနဲအသံပြုတယ်။ အဓိပ္ပာယ်ကတော့ 'သခင် ခင်ဗျားသိလား၊ ဘယ်သူ လာခေါက်နေတာလဲ' ဆိုတဲ့ ဒီဇိုင်းပေ့ါ။ မသိဘူးလို့ သူ့ကို ပြန်ခေါင်းခါပြလိုက်ရင်း ပြန်လှဲချအိပ်လိုက်တယ်။ သူ့သခင်တောင် ပြန်အိပ်နေတာ သူလည်း ပြန်အိပ်မယ်ဆိုတဲ့ ပုံနဲ့ ဘဲကြီးလည်း ငြိမ်ငြိမ်သက်သက် ကိုယ့်အနား ပြန်ခွေနေတယ်။

လုပ်မိလုပ်ရာ ဆိုသလို ဘေးနားက ခေါင်းအုံးအပိုတစ်လုံးကို လှမ်းယူပြီး

mgyoe.com

mgyoe.com SAMPLE BOOK

နားနဲ့မျက်နှာကို ဆွဲအုပ်ထားမိသေးတော့။ တကယ်ဆို ဒီလိုပိတ်ထားလည်း တံခါးခေါက်သံက ကြားနေအုံးမှာ သိသိကြီးနဲ့များ။ အား... မရဘူး။ ချက်ချင်းဆိုသလို ခေါင်းအုံးကို ခပ်ဝေးဝေး ပြန်တွန်းလိုက်ရတာပဲ။ ကြောင်သေးနံ့က စူးစူးဝါးဝါးကွာ။ ဒါ ဒေစီမ လက်ချက်ပဲနေမှာ။ ငါ့ဘဲကြီးက ဘယ်တော့မှ ဒီလို အကျင့်မတန်ဘူး။ 'အမ' တန်မဲ့ တော်တော် ညစ်တီးညစ်ပတ်နိုင်တဲ့ဟာလေးလို့ စိတ်ထဲက ပြုံစူမိသေး။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

မဖြစ်ချေဘူး မဖြစ်ချေတော့ဘူးလို့ တွေးလိုက်ရင်း ဒီတစ်ခါတော့ ခြေတွေလက်တွေကို အတင်းဆန့်ခါထုတ်ပြီး အိပ်ရာထဲက ထလိုက်ရတော့တယ်။ အိပ်ရာဘေးက မျက်မှန်ကို ကောက်တပ်လိုက်ရင်း ဒယီးဒယိုင်နဲ့ပဲ တံခါးပေါက်ရှိရာသွားပြီး အိပ်ချင်မူးတူးနဲ့ ဖွင့်ပေးဖြစ်တယ်။

"ဟယ်လို"

တံခါးဖွင့်ပြီး နှုတ်ဆက်ရတဲ့သူ ကြောင်အမ်းအမ်းတောင် ဖြစ်ရရဲ့။ ဖြစ်မှာပေါ့။ တံခါးဝမှာ ဘယ်သူမှ ရှိမှမရှိပဲကိုး။ အလကားနေ ကြောက်တတ်သူတော့ မဟုတ်ပေမယ့် "ဟ ဘာလဲ" ဆိုတာမျိုးတော့ ဖြစ်သွားတာ အမှန်ပဲ။ ခေါက်တယ်၊ ထုတယ်၊ အော်တယ် ဆိုတာကို သေချာကြားလို့ အိပ်ချင်လွန်းနေတဲ့ကြားက လာထဖွင့်တာလေ။ ပြီးတော့ သူတစ်ယောက်တည်း ကြားတာမဟုတ်။ ဘေးက ဘဲကြီးတောင် ကြားလို့ ညောင်လို့ လုပ်သေးတာရော။ အခု ခေါက်တဲ့သူက ဘယ်မလဲ။

"ဟင်း... ဟင်း... ပိန်တူးလေး"

လခွမ်း ...တိုင်ကွယ်က အသံထွက်လာတော့မှပဲ လူကို မြင်တော့တယ်။ ခန္ဓာကိုယ်သေးသေးလေးက တိုင်နဲ့ကွယ်နေတာကိုး။ အံမယ် သူက ငါ့ပိစိကွေးကို ပွတ်သပ်ချော့မြူရင်း သဘောတွေ ကျနေတာရော။ ကိုယ် သူ့ကို မြင်သွားတာ သိတော့ ပိစိကွေးကို ပွေ့ထားရင်း 'ပိန်တူးလေးနော်' ဆိုတဲ့စကား အတည်ပြုနေသေးတယ်။ 'အေး မင်းလိုပေါ့' လို့ ပါးစပ်က လွှတ်ခနဲ ထွက်မိတော့မလို့ပဲ။ အရင်က စိတ်မျိုးနဲ့ဆို နောက်ပြီးပြီ။ အခုက ကိုယ့်နယ်ပယ် မဟုတ်ဘူး၊ ကိုယ့်ရင်းနှီးသူတွေ မဟုတ်ဘူးဆိုတဲ့ အသိလေးနဲ့ ဆင်ခြင်သတိထားလိုက်မိတော့ မနောက်ဖြစ်တော့ပါဘူး။

"ဟော့ တံခါးခေါက်တာ မင်း မဟုတ်လား... ပြော ဘာကိတ်"

"ဟုတ် ဟိုဟာလေ တူရှိလားလို့၊ တူလေး ခဏလောက် ငှားပါလားဟင်"

မျက်ခုံးက အလိုလို တွန့်သွားတယ်ထင်တယ်။ ကောင်မလေးက ချက်

mgyoe.com

mgyoe.com SAMPLE BOOK

ချင်းလို စကားတွေ ဆက်လာတယ်။ မနေ့က တစ်ဖက်အိမ်ခြံကို ရောက်လာတဲ့ မိသားစုကဖြစ်ကြောင်း၊ မိုးတွေရွာတဲ့အချိန် အပြောင်းအရွှေ့လုပ်ရတာမို့ ရေစိုတာတွေ များသွားတဲ့အကြောင်း၊ အရေးပေါ် အဝတ်တန်းရိုက်ဖို့လိုကြောင်း၊ ဘယ်နေရာမှာ ဘယ်လိုဝယ်ရမှာ မသိသေးတဲ့အတွက် လာငှားရတာ ဖြစ်ကြောင်းတွေပေ့ါ။ သူ့စကားတွေက အကျိုးအကြောင်း ခိုင်လုံနေတော့ ခဏဆိုတဲ့ပုံနဲ့ လက်ပြလိုက်ရင်း အိမ်ထဲပြန်ဝင် 'တူ'ရှာရတော့တယ်။ သိတဲ့အတိုင်း ကိုယ်ဆိုသည်မှာလည်း ပစ္စည်းတစ်ခုကို ဘယ်တော့မှ မှတ်မှတ်ရရ သိမ်းထားတတ်သူမဟုတ်တော့ ရှာလိုက်ရတာ ဆိုတာ ပြောင်းဆန်ရော။ နောက်တော့မှ ဘာမှ မဆီမဆိုင် ထမင်းအိုးဘေးနားမှာ တွေ့လိုက်ရပြီး ပြန်ထွက်ပေးရပေ့ါ။ ကောင်မလေးက အားတုံ့အားနာဟန်နဲ့ ပြောရှာသား။

"မနက်အစောကြီး လာငှားရတာ တောင်းပန်ပါတယ်နော်၊ ပြီးတာနဲ့ ဆက်ဆက်ပြန်လာပေးပါ့မယ်"

"အေး"လို့ တစ်ခွန်း ပြန်ပြောတော့ စကားဆက်ဦးမယ်အထင်နဲ့ တူကိုင်ပြီး ရပ်စောင့်နေသေးတယ်။ နောက်တော့ ကိုယ့်ဆီက ဘာစကားသံမှ ထွက်မလာတော့ ပြန်လှည့်သွားမယ့်ပုံ ပြုရင်း ထပ်မေးပြန်တယ်။

"ကြောင် ဘယ်နှစ်ကောင် မွေးထားတာလဲဟင်"

"ရေမကြည့်မိဘူး ဆယ်ကောင်ကျော်မယ် ထင်တယ်၊ မွေးထားတာ မဟုတ်ဘူး သူ့ဟာသူ ရောက်လာကြတာ"

"ဩော်... တစ်ဆင့်စကား တစ်ဆင့်နားနဲ့ပေ့ါ"

ကောင်မလေး ဒီလိုရေရွတ်တော့ အတော့်ကို ရယ်ချင်သွားတယ်။ သူလည်း သူနားလည်သလောက်လေး ရိုးရိုးပြောလိုက်တာနေမှာပေ့ါ။ အဓိပ္ပာယ်ဖွင့်ကြည့်လိုက်တော့ တကယ်လည်း အဲ့ဒီအတိုင်း ဖြစ်နိုင်တာမို့ ငြင်းမနေတော့ဘူး။ ပြုံးစိစိနဲ့ပဲ ခေါင်းညိတ်ပြမိတယ်။

"တော်တော် ကျွေးနိုင်တာပဲ"

ဟင်... ဆိုတဲ့ ကိုယ့်ပါးစပ်က ထွက်သွားတဲ့အသံက အံ့သြတာ၊ နားမလည်တာကို မထိန်းနိုင်လို့ ထွက်သွားတဲ့အသံပါ။ ဟုတ်တယ်လေ။ ကောင်မလေး ဘာသဘောနဲ့ ဒီစကားကို ပြောသွားတာလဲဆိုတာ တကယ်နားမလည်တာ။ ပြန်မေးလိုက်ဖို့ကြံပြန်တော့ သူ လိုချင်တာ ငှားလို့ရသွားတဲ့ ကောင်မလေးက ခပ်သွက်သွက် ခြေလှမ်းတွေနဲ့ ထွက်သွားပြီရော။ ကောင်မလေး ထွက်သွားရာ မျက်စိတဆုံး လိုက်ကြည့်မိသလို ဖြစ်သွားတဲ့ အနေအထားမှာ အမြင်အာရုံထဲ မှုန်ကုပ်နေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK
မျက်ဝန်းအကြည့်တစ်စုံနဲ့ ခလုတ်ထပ်တိုက်မိသွားတယ်။ မလှမ်းမကမ်းက အိမ်လေးရဲ့ ဝရန်တာမှာ ရပ်နေတဲ့ အဘိုးကြီးတစ်ယောက်။ ကိုယ့်ကို ရှုံ့သိုးသိုးမျက်နှာပေးနဲ့ ကြည့်နေလေရဲ့။ ခုနက မပိန်တူးလေးနဲ့ ဘယ်လိုများ တော်စပ်တယ်မသိ။ ခပ်ဝေးဝေးက မြင်ရုံနဲ့တင် ခင်မင်ပတ်သက်စရာ မကောင်းလောက်ဘူးလို့ စိတ်ထဲမှတ်ချက်ပြုရင်း အိမ်ထဲ ပြန်လှည့်ဝင်လာမိတယ်။ တကယ်ဆို ပြန်အိပ်ဖို့ ကောင်းတာကို တစက်မှ အိပ်ချင်စိတ်မရှိတော့ဘူး။ ဘယ်လိုလုပ် အိပ်ချင်မှာလဲ။ 'တော်တော်ကျွေးနိုင်တာပဲ ' ဆိုတဲ့ စကားကို အံ့ဩသွားမိတာနဲ့ အကြောအခြင်တွေ လန်းကုန်တာနေမှာ ခက်ပဲ့ဗျာ။

မထူးပါဘူး ကော်ဖီခါးခါးလေးတစ်ခွက် သောက်တာပေါ့ဆိုတဲ့ စိတ်ကူးနဲ့ ရေနွေးတည်လိုက်တယ်။ သုံးမိနစ်အိုးထဲ ရေထည့်နေချိန် ပလပ်တပ်ပြီး နံရံက မီးခလုတ် ဖွင့်တဲ့အချိန်ထိ အကောင်း၊ အိုးက အော်တိုခလုတ်ကို ထောက်ခနဲ နှိပ်လိုက်တဲ့ အချိန်မှ မီးပြတ်သွားတယ်။ ကျွေးဇူးပဲလို့ ခပ်ရွဲ့ရွဲ့တွေးရင်း သီချင်းတစ်ပုဒ်အသံကျယ်ကြီးနဲ့ အော်ဆိုပစ်လိုက်တယ်။ ဘေးနားက ကိုယ့်ကောင်တွေ အားလုံးလန့်တဲ့သူလန့်၊ ခုန်တဲ့သူခုန်နဲ့ အနေအထား ပျက်ကုန်ကြလေရဲ့။ မျက်လုံးအကြည့်တွေက ' စိတ်ညစ်လိုက်တာ သခင်ရယ်' ဆိုတဲ့ အကြည့်တွေနဲ့။

ဒါကိုမြင်ပြီး ပို ရယ်ချင်လာပြန်ရော။ ရယ်စရာမကောင်းတဲ့ အနေအထားတစ်ခုကို ရယ်စရာလုပ်ပစ်ပြီး တမင်ရယ်ထည့်လိုက်ရင် တကယ်ရယ်ချင်လာပြီး တကယ်ကြီးကို ရယ်မိသွားတယ်ဗျို့။ ဒါကို ခင်ဗျားတို့ သိကြလား။ မယုံရင် လက်တွေ့ လုပ်ကြည့်ပါလား ။ ကိုယ်တွေကတော့ ဘဝမှာ ဒီလို နေတတ်ခဲ့တာ ကြာကြာခဲ့ပြီရောဗျာ။ ကိုယ်က ဒဏ်ရာတွေကို ဘယ်တော့မှ ချမပြတတ်တဲ့သူ။ ချပြဖို့မပြောပါနဲ့ လူသိတောင် မခံတတ်တဲ့သူ။ လူရယ်လို့ ဖြစ်လာပြီဆိုကတည်းက အားလုံးလိုလို ဒဏ်ရာကိုယ်စီနဲ့ မောဟိုက်နေတတ်ကြတာပါဗျာ။ ဘာလို့များ ကိုယ့်အတွက် ဝန်ပိစေမလဲ ဟုတ်တယ်မလား။ ဒါပေမယ့် သူတစ်ပါးရဲ့ဒဏ်ရာတွေကို မျှဝေခံစားဖို့ ဒါမှမဟုတ် ကူညီဖြေရှင်းပေးဖို့ကိုတော့ စိတ်ဝင်စားပါတယ်။ ကိုယ်စာရေးတဲ့အခါလည်း တတ်နိုင်သမျှတော့ စာအားဖြင့် နှစ်သိမ့်မှုခွန်အားပေးမိတတ်တယ်။ ဒါကြောင့်လား မသိဘူး။ စာဖတ်သူတွေက ကိုယ့်စာအုပ်တွေ ဖတ်ပြီးရင် အကြည်ဓာတ်ရသတဲ့။ ကောင်းဗျာ... လူတွေမှာ အလိုအပ်ဆုံးက ဒါပဲ မဟုတ်လား။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

မိုးက ရွာချင်လည်း ဝုန်းဒိုင်း ရွာချလိုက်ပါတော့လားဗျာ။ တဖွဲဖွဲနဲ့ ရွာသလို မရွာသလို စိုတိစိုစွတ်လုပ်နေတာ နည်းနည်းမှ မကြိုက်ပါဘူး။ ငေးမိငေးရာ ဆိုင်အပြင်ဘက်ကို စိတ်မပါလက်မပါ ငေးနေတုန်း ဆိုင်ထဲကို ကောင်မလေး တစ်ယောက် ပြေးဝင်လာတယ်။ လက်တစ်ဖက်က သုံးဆင့်ချိုင့်လေးကို ကိုင်လို့ နောက်လက်တစ်ဖက်က ကျနေတဲ့ မိုးရေစက်တွေကို ကာသလို ကွယ်သလိုလုပ်ရင်းနဲ့ပေ့ါ။ သူ့လက်လေး တစ်ထွာတစ်မိုက်နဲ့ ဘယ်မိုးရေကို ကာနိုင်မှာမို့လို့လဲ။ ကောင်မလေး ဆိုင်ထဲကို ရောက်ရောက်ခြင်းပဲ ဆံပင်ညှပ်ဆရာကြီးက ထီးမဆောင်းဘဲ ရောက်လာတာကို မြည်တွန်တောက်တီးသလို ပြောတယ်။ ကောင်မလေးကတော့ ပန်းနဲ့ပေါက်သလို ထင်သလား မသိ။ ပြုံးစိပြုံးစိနဲ့ တိုးတိုးတိုးတိုး အနားကပ်ပြီး တစ်ခုခုပြောပြနေပုံပဲ။ ပုံသဏ္ဌာန်အရရော၊ အခေါ် အပြောတွေအရရော သားအဖ ဆိုတာ သိသာတယ်။ သူတို့ သားအဖကတော့ ရင်းနှီးကြသားပဲလို့ စိတ်ထဲတွေးရင်း မျက်လုံးက ရုတ်တရက် မလွှဲနိုင်ဘူး။ အေးလေ သားအဖချင်းပဲဟာ ရင်းနှီးတာ ဘာဆန်းလို့လဲလို့ အတွေးဝင်ပြန်တော့ ဆက်ကြည့်မနေချင်တော့ပြန်ဘူး။ ဟာ ဘာလဲ။ မျက်လုံးလွှဲပါမယ်ဆိုမှ ဆံပင်ညှပ်ခုံပေါ်က အညှပ်ခံနေတဲ့ လူကြီးက ဆတ်ခနဲ မျက်ခုံးပင့်ပြလိုက်တာကို မျက်လုံးက မြင်ဖြစ်အောင် မြင်လိုက်မိသေး။

စိတ်ထဲ မကြိုက်သလို တင်းခနဲဖြစ်သွားရင်း မျက်နှာကို သုန်မှုန်ထားလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မိတယ်။ ဒီလူကြီးက ဘာအထာလဲ။ သူ မျက်ခုံးပင့်လိုက်တဲ့ သဘောက ကောင်မလေးကို မင်း ကြည့်နေတာ ငါ မြင်တယ်နော်လို့ ပြောလိုက်တဲ့ သဘောဆိုတာ ခံစားမိတယ်။ ကျွတ်... လူတွေခက်တယ်။ လူကြီးတွေ ပိုခက်တယ် ။ သူတို့မြင်တာ ထင်တာ မှန်သမျှ အမှန်ပဲ။ သိပ် တစ်ကိုယ်ကောင်း ဆန်ကြတာပဲ။

"သမီးလားဗျ ... ဘယ်နှတန်း ရောက်ပြီလဲ"

ကျွန်တော်လည်း မျက်နှာပုပ်နဲ့ပဲ လက်ထဲက ဖုန်းကိုမဲပြီး ဟိုပွတ်ဒီပွတ် ပွတ်နေမိရင်း နားထဲမှာ သူတို့ အချင်းချင်း ပြောနေတဲ့ အသံကတွေက အော်တိုကြားနေရတော့တာပဲ။ ဆံညှပ်ဆရာက ဆိုင်ထဲက ပြန်ထွက်သွားတဲ့ သမီးကို တစ်ချက်ငဲ့ကြည့်ပြီး လက်ထဲက ကပ်ကျေးကို လေထဲ ရွှပ်ခနဲ ရွှပ်ခနဲ ဟန်ရေးပြလိုက်ရင်းက ဖြေတယ်။

"ကိုးတန်းနဲ့ ကျောင်းပြီးပေ့ါ စာရေးဆရာရယ်၊ အခု အလှပြင်သင်တန်းတက်ခိုင်းထားတယ်။ အဖေ့မျိုးရိုး မတိမ်ကောအောင် ဆံပင်ညှပ်၊ မိတ်ကပ်ပြင်ဒါ ရှိတာပေ့ါ"

"ဝါသနာပါရင် ကောင်းပါတယ်ဗျာ... ဒီအရွယ်က အလကားထားရင် စိတ်လေတယ်"

ဆံညှပ်ဆရာကြီးက ဟိုလူကြီးကို စာရေးဆရာလို့ ခေါ် လိုက်တာ သေသေချာချာကြီး ကြားလိုက်ရတာမို့ စိတ်ထဲ နည်းနည်းတော့ ထူးဆန်းသွားသလိုပဲ။ အမေ သိရင်လည်း သူ့လိုပဲ အံ့ဩမှာ သေချာတယ်။ "ဘေးအိမ်က ကြောင်လူက စာရေးဆရာတဲ့ အမေရေ" ဆိုတဲ့ သတင်းစကားဆန်းကို အမေ့ကို အခုတောင် ပြေးပြောလိုက်ချင်သလိုပဲ။ အမေက ဒီလူကို 'လူကြောင်' တဲ့။ တကယ်ဆိုကြောင်တွေ အများကြီး မွေးထားတာတွေ့လို နာမည်မသိတာနဲ့ 'ကြောင်လူ' လို့ ကျွန်တော်က နာမည်အလွယ် တပ်ပေးထားတာ။ ဒါကို အမေက ဘယ်လောက်ပဲ တည့်ပေး တည့်ပေး အမှန်အတိုင်း မပြောနိုင်ဘူး။ ဒီလူအကြောင်း နာမ်စားသုံးစရာရှိရင် 'လူကြောင်'ပဲ။ 'ကြောင်လူပါ အမေရာ' တည့်ပေးလိုက်ရင်လည်း 'မထူးပါဘူးသားရယ် လူကြောင်နဲ့ ကြောင်လူ အတူတူပဲမဟုတ်လား'လို့ ခပ်အေးအေး ပြောတတ်သေးတာ။

သန့်ရှင်းသပ်ရပ်တာ ကြိုက်တဲ့ လှတပတ ကျွန်တော့်အမေက ဒီအိမ်နီးနားချင်းကို ကြောင်တွေနဲ့ နပမ်းလုံးနေတာ မြင်ကတည်းက အရေးတဝင် မလုပ်ခဲ့ဘဲ ခပ်စိမ်းစိမ်း နေတတ်ခဲ့တာ။ သူ့ကြောင်တွေကလည်း ဆိုးတယ်လေ။ ဒီဘက်အိမ်ထိ ကူးကူးလာပြီး အညစ်အကြေး စွန့်တတ်ကြသေးတာဆိုတော့ အမေက ဒေါ်ခွီးတော့်

mgyoe.com

mgyoe.com SAMPLE BOOK

တာပေါ့။

"ခေါင်းလျှော်ပြီးမှ ဆိုးတာ ကောင်းတယ် စာရေးဆရာ၊ ဆံသားမှာ ဆီတွေ ရှိနေတယ်"

"လုပ်ဗျာ ကောင်းသလိုသာ လုပ် ဆံပင်ဖြူက တစ်ခေါင်းလုံးဆိုလည်း မိုက်တယ်ဗျ၊ အခုက ဟိုနည်းနည်း ဒီနည်းနည်း အဆင်မပြေဘူး"

"ဒီအရွယ်က တစ်ခေါင်းလုံးတော့ ဘယ်ဖြူဦးမလဲ စာရေးဆရာရယ်၊ အငယ်လေး ရှိသေးတာကိုး၊ အခုမှ ကွင်းစမ်းတုန်း ဟား... ဟား"

သူတို့နှစ်ယောက် ပြောပြောရယ်ရယ် လုပ်နေတာကို ကြားလိုက်တော့ အာ ဒီလူ ဆံပင်ညှပ်ရုံတင်မဟုတ်ဘဲ ဆံပင်ပါ ဆိုးဦးမှာပဲလို့ သဘောပေါက်လိုက်ရင်း စိတ်လေသွားတယ်။ အခုတောင် ထိုင်စောင့်ရတာ ပျင်းလှပြီ။ အမေကလည်း သူ တစ်ခုခု လုပ်ခိုင်းရင် အခုဆို အခုမှ။ 'ယောက်ျားလေးဆိုတာ ဆံပင်တိုမှပေါ့ ငါ့သားရဲ့' ဆိုတာက ပါသေး။ အမေ ဘယ်လောက်ပြောပြော သူကလည်း ဘယ်တော့မှ အမေ့စိတ်ကြိုက် မညှပ်ဖြစ်ပါဘူး။ အမေ ကျေနပ်အောင် နည်းနည်းပါးပါး တိပေးလိုက်တာပဲ လုပ်ဖြစ်တာ။ သူ ဆက်စောင့်ဖို့ စိတ်က မရှည်တော့တာနဲ့ပဲ...

"ကြာဦးမယ် ထင်တယ်နော်"

"အေးကွ" နဲ့ "No No" ဆိုတဲ့ အသံက တစ်ပြိုင်တည်း ထွက်လာတယ်။ ပြီးတော့ သူတို့ပဲ အချင်းချင်း ကြည့်ရယ်နေကြပြန်ရော။ ဆံပင်ညှပ်ဆရာနဲ့ ဟိုလူကြီးပေါ့။ ဆံပင်ညှပ်ဆရာက ခင်ဗျားပဲ ပြောလိုက်တော့ ဆိုတဲ့ ပုံနဲ့ လက်ဟန်ပြရင်း ကွမ်းငုံထားတဲ့ ပါးစပ်ကြီးနဲ့ ပြုံးပြုံးကြီးလုပ်နေတော့ နိုး...နိုး...ဆိုတဲ့အသံထွက်လာတဲ့ စာရေးဆရာကပဲ စကားကြောတွေ ဆက်ရှည်လာလေရဲ့။

"မင်းကလည်း စိတ်မရှည်လိုက်တာ ချာတိတ်ရာ၊ လုပ်မယ်လို့ ဆုံးဖြတ်လာရင် ဖြစ်အောင် လုပ်သွားစမ်းပါကွ၊ မင်းမှာ တခြားအရေးတကြီးကိစ္စ ရှိနေလို့လား"

"မရှိပါဘူး ထိုင်စောင့်ရတာ ပျင်းလာလို့"

"အေးလေ မင်းအခု ပျင်းလို့ ပြန်သွားလည်း နောက်တစ်ခေါက် ပြန်လာ ညှပ်ရဦးမှာပဲ မဟုတ်လား"

စိတ်မသက်မသာနဲ့ပဲ 'အင်း' ဆိုပြီး ခေါင်းညိတ်ပြလိုက်ရတော့တယ်။ သူက မှန်ထဲကတစ်ဆင့် ကျွန်တော့်ကို မြင်သာအောင် မျက်လုံးလှန်ကြည့်ရင်း စကားကို ရအောင်ဆက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"စိတ်ကို အကျင့်လုပ်ထားရတယ်ကွ၊ ဘယ်အရာမဆို ပြတ်ပြတ်သားသား လုပ်တတ်အောင်၊ လုပ်ကို လုပ်ရမယ့်အရာဆိုရင် အချိန်မဆွဲဘဲ လုပ်ပစ်လိုက်တော့ အေးရောမလား၊ မလိုအပ်ဘဲ အချိန်ဆွဲတာတွေက ကိုယ့်စိတ်ကို ရှုပ်ထွေးစေတယ်ကွ"

သူ့စကားတွေ နားထောင်နေရင်းက ဒီလူ စာရေးဆရာဆိုတာ တကယ် နေမှာလို့လည်း သေသေချာချာ တွေးဖြစ်လိုက်တယ်။ သူ စကားပြောပုံက သူများနဲ့ မတူဘူးပဲ။ အခုနက ပြောသွားတဲ့ 'ရှုပ်ထွေးစေတယ်' ဆိုတဲ့ ပြောပုံပြောနည်းမျိုး ဘယ်သူမှ အလွယ်တကူ မပြောတတ်ကြဘူးလေ။ ရှုပ်ထွေးစေတယ်ဆိုတဲ့ ဒိုင်ကို လောလောဆယ်တော့ ကျွန်တော် ကြိုက်သွားတယ် ပြောရမယ်။ ကျွန်တော့်ဟာ ကျွန်တော် ရှင်းနေတဲ့ကိစ္စအချို့က တခြားသူတွေကြောင့် စိတ်မှာ ရှုပ်ထွေးနေရတယ်၊ ရှုပ်ထွေးစေတယ်လေ။ ကိုယ်ပြောချင်နေတဲ့ ဝေါဟာရတစ်ခု သူ့ဆီက ရှာတွေ့သွား သလို စိတ်ထဲဖြစ်မိပြီး ကျွန်တော် ငြိမ်ကျသွားတယ်။ ဒီလိုနဲ့ပဲ ကျွန်တော့်အလှည့်ကို အေးအေးဆေးဆေးပဲ ထိုင်စောင့်ပြီး ဆံပင်ညှပ်ဖြစ်သွားတယ် ဆိုပါတော့။

ဆံပင်ဆိုးပြီး ကေအနက်နဲ့ လန်းနေတဲ့ ဘိုးတော်က ချက်ချင်း မပြန်သေး ဘဲ ကျွန်တော် ဆံပင်ညှပ်တာကို စီးကရက်ခဲရင်း ကြည့်နေသေးတယ်။ ပြီးတော့ မှတ်ချက်က ချသေး။ "မင်းက အမေတူသား ထင်တယ် လူချောပဲ" တဲ့။ ဘာလဲ ဒီစကားက ကျွန်တော့်ကို ချီးကျူးတာလား အမေ့ကို ချီးကျူးတာလား။ ကြောင်လူတို့ လုပ်ပုံ လုပ်ပုံ။ ဘာပြန်ပြောရမှန်းမသိတာနဲ့ မှန်ထဲက တစ်ဆင့် ဒီလိုပဲ ခပ်တည်တည် ကြည့်ပေးလိုက်တယ်။ လူချော အပြောခံရတော့ စိတ်က ချက်ချင်း ကြည်တက်သွား တာတော့ ဝန်ခံရမှာပဲ။ ခင်လက်စ မင်လက်စရှိတယ် ဆိုရင်တော့ "ဦးလည်း လူချောပဲ"လို့ ပြန်ပြောချင်ပါတယ်။ အခုက အဲ့ဒီအဆင့် မဟုတ်သေးဘူးဆိုတော့ အသာငြိမ်နေလိုက်မိတယ်။

များသောအားဖြင့် မျက်မှန်တပ်တဲ့သူတွေရဲ့ မျက်မှန်အောက်က မျက်လုံး တွေက ဝပ်ဝပ်စင်းစင်း ဖြစ်နေတတ်ပေမယ့် ဒီလူကြီး မျက်လုံးကတော့ အတော် တောက်တောက်ပပ ရှိတာပဲ။ မျက်မှန်အောက်က တောက်ပတဲ့ မျက်လုံးတွေ ကြည်ရွှင်ပြုံးနေတာကိုက အသက်လို့ ပြောရမယ်ထင်တယ်။ ဒီစာရေးဆရာပုံစံက စိတ်ကောင်း နှလုံးကောင်းတော့ ရှိပုံရတယ်လို့ ထင်ကြေးပေးမိတယ်။ စီးကရက် နှုတ်ခမ်းဖျားမှာ ချိတ်ထားတာ ပြုတ်မကျဘဲ စီးကရက်လေး လှုပ်တုပ်လှုပ်တုပ် ဖြစ်အောင် စကားပြောနေပုံကလည်း နိုင်ငံခြားမင်းသားတွေလိုပဲ။ ခက်တာက ဒီလူကြီး ဘော်ဒီဆိုဒ်က နိုင်ငံခြားသားတွေလို အထွားကြီး မဟုတ်ဘူး။ လူကောင်

mgyoe.com

mgyoe.com SAMPLE BOOK

ခပ်သွယ်သွယ်ပဲ။

စိတ်ထဲ ကာတွန်းရုပ်ပြောင်တစ်ခု သွားသတိရတယ်။ ခပ်သေးသေး လူတစ်ယောက် အကျီဆိုင်ရှေ့ ရပ်ပြီး "လူကြီးဝတ် ကလေးဆိုဒ်ပေးပါ" ဆိုတဲ့ ကာတွန်း။ ဒီကာတွန်းကို ဖုန်းထဲမှာတွေ့တော့ သဘောကျလွန်းလို့ အသံထွက်တောင် ရယ်မိသေးတာ။ အတွေးကြောင့် ပြုံးမိသွားတဲ့ ကျွန်တော့်ကို ဆံပင်ညှပ်ဆရာကြီးက "ဘာတွေ သဘောကျနေလဲကွ" တဲ့လေ။ မျက်နှာပေးနဲ့ပဲ ဘာမှမဟုတ်ဘူးဆိုတဲ့ သဘော တုံ့ပြန်မိတော့ စာရေးဆရာက ဝင်ထောက်တယ်။ "ထားလိုက်ပါဗျာ... ဒီအရွယ်က သစ်ရွက်လှုပ်ရင် ရယ်တဲ့အရွယ်လေ ခင်ဗျား" တဲ့လေ။ ဆံပင်ညှပ်ဆရာကြီးကလည်းမခေဘူး။ ချက်ချင်း ပြန်နောက်တာ။ "ဟား... ဟား... ကျွန်တော်တို့ အရွယ်ကတော့ သစ်ရွက်လောက် စကားထဲ ထည့်မပြောဘူး။ သစ်ပင်တစ်ပင်လုံး ဝုန်းဝုန်းထတောင် ရယ်လို့ မရတော့ပါဘူးဗျာ" ဆိုတော့ နှစ်ယောက်သား ရယ်ကြ ပြန်ရော ခွက်ထိုးခွက်လန်။ ကျွန်တော်လည်း ဒီတစ်ခါတော့ မိတ်ဖြစ်ဆွေဖြစ် လိုက် ရယ်လိုက်ပါတယ် သူတို့နဲ့အတူ။

အဲ့ဒီနေ့က အိမ်ကို ဒီလူကြီးဆိုင်ကယ်နဲ့အတူ လိုက်ပြန်ဖြစ်တယ်။ မပြန်ခင် လက်ဖက်ရည်ဆိုင်လည်း အတူထိုင်ဖြစ်တယ်။ 'လက်ဖက်ရည် ညံ့ချက်ကွာ' လို့ သူက ခပ်တိုးတိုး အတင်းအုပ်တော့ ကျွန်တော်လည်း မရယ်ဘဲ မနေနိုင်ဘူး။ တကယ်လည်း လက်ဖက်ရည်က ညံ့တာကိုး။ ကျွန်တော်လည်း လက်ဖက်ရည်ကြိုက် တော့ လက်ဖက်ရည်အရသာကို ကောင်းကောင်း ခံတတ်တယ်။ အခုဒီဆိုင်ကတော့ ချိုပြီးရော ဆိုတာမျိုးနဲ့ ဆိုင်ဖွင့်ထားသလား မှတ်ရတယ်။ ကျိတ်မှိတ်မျိုချလိုက်ရ လေသတည်းပေါ့။ မြို့လေးက သေးတော့ လက်ဖက်ရည်ဆိုင်ကလည်း ဒီဆိုင်အပြင် ရှိသေးရဲ့လားတောင် မသိပါဘူး။ သူက ဒီမှာလာနေပြီး စာအုပ်တစ်အုပ်ကို ရေးနေ တာဆိုတဲ့အကြောင်းကို ပြောပြတယ်။ ကျွန်တော်လည်း အမေနဲ့ ကျွန်တော့်အကြောင်း နည်းနည်းပါးပါး ပြန်ပြောပြဖြစ်တယ်ပေါ့။ အမေ မကြိုက်လောက်မယ့် အကြောင်း အရာမျိုးကိုတော့ ကျော်လွှား ပြောရတာပေါ့လေ။

တစ်ခု သဘောကျတာက စာရေးဆရာက ပါးနပ်တယ်ဗျ။ ပြောသလောက်ပဲ နားထောင်တယ်။ နားထောင်မိသလောက်ပဲ စကားထောက်တယ်။ ဘောင်မကျော်ဘူး မစပ်စုဘူး။ ဒါကိုတော့ အသေအချာ အသိအမှတ်ပြုရတယ်။ နောက် ဘေးအိမ်မှာ လူတွေရောက်နေပြီ ဆိုတာလည်း သူက သတင်းပေးလိုက်သေးတယ်။ အင်းပေါ့လေ တောင်ကုန်းပေါ်မှာက အိမ်လေးသုံးလုံး တည်းရှိတာ။ ကိုယ့်ဝန်းကျင်အချင်းချင်း

mgyoe.com

mgyoe.com SAMPLE BOOK

တော့ သိထားသင့်တာပေါ့။ တစ်ခုပဲ အမြင်မတူတာ။ "အဲ့ဒီအိမ်မှာ မင်းတို့အရွယ် ချာတိတ်မ ပိန်တူးလေး တစ်ယောက်ပါတယ်ကွ"လို့ ပြောလာတာပဲ အမြင်မတူတာ။ သူက ဘာလို့ပိန်တူးလေး ထင်ရတာလဲမသိ။ ကျွန်တော်လည်း မြင်တစ်ချက် မမြင် တစ်ချက်နဲ့ မြင်တော့ မြင်နေမိသားပဲဟာ။ ဒီလောက်ကြီး မပိန်တူးပါဘူး။ သင့်တင့် ရုံပါပဲ။ ဒါပေမယ့် ဒါက အလောတကြီး ငြင်းခုန်နေစရာကိစ္စ မဟုတ်တော့ ငြင်း မနေတော့ဘူး။ သူက ပိန်တူးလေး ဆိုတော့လည်း တူးပေါ့လေ။

သူ့ခြံဝရောက်တော့ ကျွန်တော်လည်း သူ့ဆိုင်ကယ်ပေါ်က ဆင်းပြီး ကိုယ့်အိမ်ဘက် ကိုယ်ထွက်လာတယ်။ သူကလည်း "ဝင်ပါဦးကွ"လို့ မဖိတ်ပါဘူး။ လက်ဖက်ရည်ဆိုင်မှာတုန်းကတော့ ပြောသား။ "ငါ့မှာ စာအုပ်တွေ အများကြီးရှိတယ်၊ မင်း ပျင်းလို့ ဖတ်ချင်ရင် ရတယ်နော်" တဲ့လေ။ ကျွန်တော် မပျင်းပါဘူး။ အမေ ခိုင်းတာတွေ လုပ်တယ်။ လုပ်စရာမရှိရင် 'သတိရ' နေတယ်။ သတိရခြင်းဆိုတာ ကျွန်တော့်အတွက် အတော်နှစ်သက်စရာကောင်းတဲ့ အလုပ်ပဲ။ ကျွန်တော်မပျင်းဘူး။ အမေ မခိုင်းဘဲနဲ့ နှစ်နှစ်သက်သက် ပြင်းပြင်းထန်ထန် လုပ်မိတဲ့အလုပ်ဆိုရင် သူ့ကို သတိရတဲ့ အလုပ်ပဲ။ အခုဆို ကျွန်တော်က သတိရခြင်းအလုပ်မှာ ပရိုအဆင့်ရောက် နေပြီလို့ ပြောပါတော့ဗျာ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်တော့ ဒီဒန်းလေးက ကေသီတို့ အခုနေတဲ့ ခြံဝင်းပိုင်နက်ထဲမှာ ရှိတာမဟုတ်ဘူး။ ပိုင်ရှင်သတ်မှတ်ကြေးဆို ဒီနေရာက ကြောင်တွေရှိတဲ့အိမ်နဲ့ ပိုနီးလို့ သူတို့ပိုင်နက်လို့ သတ်မှတ်ရမယ်။ ဒါပေမယ့် ခြံစည်းရိုးတွေကလည်း ရှိတာရှိ မရှိတာ မရှိဆိုတော့ ခနိုးခနဲ့ ပြိုယိုင်လဲနေတဲ့ အတားအဆီးတွေကြားမှာ ဒီဒန်းလေးနှစ်ခုက ဘယ်သူပိုင်တယ်ဆိုတာ တိတိကျကျပြောဖို့ခက်ပါတယ်။ သေချာတာကတော့ ကြောင်တွေနဲ့ လူကြီးလည်း ဒီဒန်းကို လာစီးမယ့်သူ မဟုတ်ဘူး။ ကေသီတို့ အိမ်က အမေကြီးနဲ့ အဖေကြီးကလည်း ဒန်းစီးရမယ့်အရွယ် မဟုတ်ဘူး။ ဒီတော့ ဒီဒန်းက ကေသီ့အပိုင်လိုပဲ ဖြစ်သွားတော့တာပဲ။ ပထမ လာစီးစီးချင်းတော့ မရဲတရဲပေါ့။ ဟိုလူကြီးက မကြိုက်ပုံပြရင် အေးအေးဆေးဆေး ထွက်သွားပေးဖို့ အဆင်သင့်ပါပဲ။ ဒါပေမယ့် လူကြီးကလည်း သိပုံတောင် ရရဲ့လား မသိပါဘူး။ ဘယ်သူမှ လာမတားဆီးတော့လည်း ကေသီ့အပန်းဖြေချိန် အားလုံးက ဒီဒန်းပေါ်မှာ ကုန်ဆုံးဖြစ်သွားတယ်။

အမေကြီးနဲ့ အဖေကြီးကို ကေသီ တကယ့်မိဘရင်းတွေထက်တောင် ချစ်ပါတယ်။ ချစ်လို့လည်း သူတို့နဲ့ မခွဲမခွာ အတူနေဖြစ်နေပေမယ့် ဘာမှမသိတတ်သေးတဲ့ ငယ်ငယ်တုန်းကလိုတော့ စိတ်ရောကိုယ်ပါ ပျော်ရွှင်လို့မရတာ အမှန်ပဲ။ ဟုတ်တယ်လေ။ ကေသီငယ်ငယ်ကတော့ ဘာသိမှာလဲ။ အမေကြီးနဲ့ အဖေကြီးရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အချစ်တွေခံယူ၊ အလိုလိုက်ရင်ပျော်၊ ကျွေးတာပေးတာတွေမှာ ဝမ်းသာရင်း တကယ့်သွေးသားရင်းလို ထင်မှတ်နေခဲ့တာလေ။ ဒါဟာ ဘာပြဿနာမှ မရှိဘူးလို့လည်း ယုံကြည်နေခဲ့တာပေါ့။

တကယ်တော့ ကေသီနဲ့ အမေကြီး အဖေကြီးတို့ ပတ်သက်မှုက ဒီလောက် မရိုးရှင်းခဲ့ဘူးပဲ။ ဒါကို အသက်အရွယ်က စကားပြောလာတယ်ပဲ ပြောမလား တဖြည်းဖြည်း သိလာတယ်။ လူကြီးနှစ်ယောက်ရဲ့ ကြားမှာလည်း သူတို့အိမ်ထောင်ရေး ပြဿနာက အမြဲတမ်း ရှိနေတယ်။ ကေသီပါ ကြားထဲက အလိုလိုနေရင်း အကြည့်ခံ၊ အပြောခံဖြစ်လာပြီး အပြစ်မကင်းသလို ခံစားချက်မျိုးလည်း ဖြစ်ရတယ်။ ဖြစ်အောင်လည်း အဖေကြီးရဲ့ အရင်မိသားစုက လေသံတွေ ပစ်လာတတ်ကြတယ်။ မသိဘူး ကေသီ ဘာမှမသိခဲ့ဘူး။ ကေသီသိတာ အမေကြီးနဲ့ အဖေကြီးကိုချစ်တာပဲ သိတာပါ။ ပြောလည်း ယုံကြပ့်မလား မသိဘူး။ အဲ့တော့လည်း ကေသီ ဘယ်သူ့ကိုမှ စကားများများ မပြောဖြစ်တော့ဘူး။ မပြောတတ်တော့ဘူး။ လူကြီးတွေကို လုပ်စရာရှိတာလုပ်၊ ပြုစုစရာရှိတာ ပြုစုပေးပြီးရင် ဖုန်းတစ်လုံးနဲ့ အေးရာအေးကြောင်းပဲ နေမိတော့တယ်။ ကေသီ့မှာ ရွယ်တူသူငယ်ချင်း အပေါင်းအသင်း ဆိုတာလည်း မရှိသလောက် ရှားပါတယ်လေ။

ဒီလိုနေတဲ့ သူကိုမှ အဲ့ဒီကောင်လေးက သူငယ်ချင်းလာလုပ်တာ။ လွတ်နေတဲ့ ဘေးက ခုံလေးမှာ လာဝင်ထိုင်ရင်း "ငါ့နာမည် ကျော်သက် နင့်နာမည် ကရော" ဆိုတာမျိုး လာဟိုင်းတာ သူ။ သူ့ကို ကေသီ မြင်တော့ မြင်နေသားပဲ။ မြင်တဲ့အနေအထားက လှမ်းတော့ အနီးကပ် ရုပ်ရည်တော့ သူ လာနှုတ်ဆက်မှသာ မြင်မိတာလေ။ တိုက်ဆိုင်လိုက်တာဆိုတာများ... ကေသီ ကြည့်နေတဲ့ ထိုင်းစီးရီးတွဲတွေထဲက မင်းသားလေးနဲ့ တော်တော့်ကို တူတာ။ သူ့ကို တခြားစကား မပြောနိုင်သေးဘူး၊ လက်ထဲက ကြည့်လက်စ ဇာတ်ကားကို ပေါ်စ့်ဖမ်းရင်း သူ့ကို ထိုးပြမိတော့တာပဲ။ ပါးစပ်ကလည်း ပြောမိတာပေါ့။ "တူလိုက်တာနော်၊ ကြည့်ကြည့်" ဆိုပြီးတော့ပေါ့။

သူကလည်း စိတ်ဝင်စားသွားတဲ့ပုံနဲ့ ကေသီပြတာ ကြည့်ရှာပါတယ်။ သူ့ကိုမင်းသားနဲ့ တူတယ်ပြောတာ သိသွားပြီး ပြုံးပြုံးကြီး ကျေနပ်သွားတဲ့ပုံတော့ ဖြစ်သွားပါရဲ့။ ဒါပေမယ့် ဇာတ်လမ်းလေးကို နည်းနည်းဆက်ကြည့်ပြီးတော့ အံ့ဩသွားတဲ့ပုံနဲ့ ကေသီ့ကို ဖုန်းပြန်ထိုးပေးရင်းပြောတယ်။ 'မထင်ရဘူး' တဲ့လေ။ ဟီးခနဲ ရယ်ချမိပြီး ခေါင်းညိတ်ပြလို့ ရတာပဲပေါ့။ သူကလည်း ဘာမှ ဆက်မမေးပါဘူး။
mgyoe.com

mgyoe.com SAMPLE BOOK

အဲ့တော့လည်း ကေသီ ဘာမှ ပြန်ဖြေစရာ မလိုခဲ့ဘူး။ တကယ့် အပြင်ဘဝမှာ ဆန့်ကျင်ဘက်တွေ သုံးပွင့်ဆိုင်ပြဿနာ ရှုပ်နေကြတာ စိတ်တွေ ရှုပ်ရတယ်ကွယ်။ ကေသီ့မင်းသားလေးတွေပဲ ကောင်းတယ်။ လုံးဝ သာသာယာယာလေးတွေ။

မထင်မှတ်ဘဲ ကေသီနဲ့ အဲ့ဒီကောင်လေး စကားတွေ တော်တော်ပြော ဖြစ်သွားကြတယ်။ စကားတွေက တောင်ရောက် မြောက်ရောက် ဆိုပေမယ့် သူနဲ့ စကားပြောရင်း ကေသီ သိလိုက်တာက သူနဲ့ စကားပြောလို့ ကောင်းတယ်ဆိုတာပဲ။ အံမယ် သူကလည်း ပြောတယ်နော်။ နင်နဲ့စကားပြောရတာ အဆင်ပြေတယ် တဲ့။ ကေသီ ထင်ပါတယ်။ ကေသီတို့နှစ်ယောက်လုံးက မိသားစုအကြောင်းတွေ မပါဘဲ ကိုယ့်အကြောင်းတွေပဲ ကိုယ် ပြောနေမိကြလို့ စကားပြောလို့ကောင်းတာ ဖြစ်မယ်။

မဆိုးပါဘူး။ နေရာသစ်မှာ သူငယ်ချင်းအသစ်လေးတစ်ယောက် မမျှော်လင့်ဘဲ ရလို့သာ ကေသီ ကံကောင်းတာပေ့ါ။ နောက်ရက်တွေအတွက်တောင် ဒိတ်ခဲ့ကြသေးတယ်။ နင် အားရင် ဒီနေရာကိုလာ၊ ငါ အားရင်လည်း ဒီနေရာကို လာမယ်ပေ့ါ။ ဒီဒန်းလေးက ကေသီတို့ ဆုံမှတ်လေးဖြစ်သွားတာ တကယ်ကောင်းတဲ့ ခံစားမှုပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

နာရီ နှိုးစက်သံက တိတ်ဆိတ်နေတဲ့ အခန်းထဲမှာ ခပ်ကျယ်ကျယ် ထွက်လာတယ်။ အမှန်အတိုင်း ပြောကြေးဆို ဒီအသံကြောင့် ကျွန်တော် ထတောင်ကချင်သွားမိတာ။ ပြီးပြီ ပြီးပြီ ဒီနေ့ တစ်နေ့တာအဖို့ လွတ်လပ်သွားပြီလို့ စိတ်ထဲမှာခံစားလိုက်ရတာကို အရှိ အရှိအတိုင်းများ ပြောချလိုက်ရင် အမေ စိတ်ဆိုးလိုက်မယ့်အမျိုး။ အဲ... စိတ်ဆိုးမယ်ဆိုရင်တောင် ကျွန်တော် သိပ်မကြောက်ဘူး။ စိတ်မကောင်းဖြစ်သွားမှာသာ စိုးတာ။ အမေ့ကို ဘယ်လိုပုံ ဘယ်လိုနည်းနဲ့မှ စိတ်မကောင်း မဖြစ်စေချင်တာ ရင်ထဲက ဆန္ဒအမှန်ပါ။ ဒီတော့လည်း အမေဖြစ်စေချင်တဲ့ ပုံစံအတိုင်းမြင်ရဖို့ ကျွန်တော် ကြိုးစား သရုပ်ဆောင်ပေးလိုက်ပါတယ်။ မျက်လုံးကို ဖြည်းဖြည်းခြင်းဖွင့်၊ ကိုယ်လက်လှုပ်ရှားမှုကို အတတ်နိုင်ဆုံး ငြင်သာ သိမ်မွေ့စွာ ထိန်းပြီးတစ်နာရီကြာအောင် ငြိမ်သက် ထိန်းကျောင်းထားမှုကို ဖြေလျှော့ပေါ့လေ။

"အဆင်ပြေလား သား"

"ဟုတ်... အေးချမ်းနေရောပဲ၊ ဒါပေမဲ့ စိတ်ကတော့ တော်တော်ပျံ့တယ် အမေ၊ အဟီး သမာဓိ မကောင်းဘူး"

အမေက ကျွန်တော်ပြောလိုက်တဲ့ ပုံကို သဘောတကျလေးရယ်လိုက်ရင်း-

"သမာဓိကောင်းဖို့ထက် သတိကောင်းဖို့ အရေးကြီးပါတယ် သားရယ်၊ သား စိတ်တွေပျံ့တိုင်း ပျံ့နေတာကို သိတယ်မဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်... ပထမတော့ နည်းနည်းမျောပါနေတာပေါ့၊ နောက်တော့ သတိရပါတယ်၊ ငါ တရားထိုင်နေတာ ဆိုပြီး၊ အမေပြောသလို ထွက်လေ ဝင်လေမှာ ပြန်စိတ်ထည့်ပေါ့"

"အင်းလေ အဲ့ဒါ အရေးကြီးတာပဲ၊ ဖြစ်တိုင်း သိနေတာကို သတိရှိရင် ရပြီလေ၊ သတိကမှ ဉာဏ်ဖြစ်တာ... လူတွေက သမာဓိရချင်တဲ့သူ များတယ်၊ သမာဓိကောင်းဖို့ဆိုတာ သတိကောင်းမှ သမာဓိကောင်းတာ'

အဲ... အဲ့ဒါတော့ နည်းနည်းများသွားပြီအမေ၊ အမေပြောတာ ကျွန်တော် လိုက်လို့ မမီတော့ဘူး။ ဒါပေမဲ့ အခု အမေ ကျေနပ်အောင် တရားထိုင်ပြီးပြီ။ တရားစကားတွေတော့ ကျွန်တော် ဆက်နားမထောင်ချင်တော့တာ အမှန်ပဲ။ အခု ကိုယ့်ခံစားချက်အမှန်ကို သိနေတာလည်း သတိပဲ ထင်ပါရဲ့။ အမေ့မျက်နှာကတော့ ကျွန်တော် သူနဲ့အတူတူ တရားထိုင်ပေးတာကို ကျေနပ်နေတဲ့ပုံနဲ့ ဝင်းလက်နေတာပဲ။ ဒါကပဲ ကျွန်တော့်အတွက် တော်တော် တန်ကြေးကြီးနေပါပြီ။

ကြည်ညိုဖွယ် ဘုရားကျောင်းဆောင်နဲ့ ရုပ်ပွားတော်ကို လက်အုပ်ချီမိုး ငေးကြည့်ရင်း အမေ ငြိမ်သက်နေတယ်။ နှုတ်ဖျားကလည်း ဖွဖွရွတ်လို့ ဆုတောင်း ဆုယူပြုနေဟန်ပဲ။ အမေက စိတ်တွေအေးငြိမ်းချင်လို့ ဘုရားရှိခိုး တရားထိုင်တယ်။ ကျွန်တော်က အမေ အေးငြိမ်းပါစေ ရည်စူးလို့ ဘုရားရှိခိုး တရားထိုင်ပေးတယ်။ ရည်ရွယ်ချက်ခြင်း မတူပေမယ့် သားတစ်ယောက်ရဲ့ မေတ္တာက ကုသိုလ်ဖြစ်ပါစေ ဆုတောင်းလို့ရရင် တောင်းချင်ပါတယ်။ ကျွန်တော် ပြုသမျှကုသိုလ် အမေရရင် ပြီးတာပါပဲ။ မြင်နေရတဲ့ ဘေးတိုက်မျက်နှာကို ငေးကြည့်ရင်း အမေက တကယ် လှတဲ့ အမျိုးသမီးတစ်ယောက်ပဲ ဆိုတာကိုတော့ တွေးနေကြအတိုင်း တွေးဖြစ်နေတယ်။ အမေ့မျက်နှာလေးက ဘာတန်ဖိုးကြီး အလှကူပစ္စည်းမှ မပါဘဲနဲ့ တကယ် အဆင်တပြေ ကြည့်ကောင်းလှတယ်။ အသားဖြူပြီး ပင်ကိုယ်အသားအရေ ကောင်းတာလည်း အကျိုးပေးထင်ပါရဲ့။

"ဘာတွေကြည့်"

ဒီဘက်ကို ရုတ်တရက် လှည့်လာတဲ့ အမေက ကျွန်တော့်အကြည့်ကို သတိထားမိဟန် မေးတယ်။ "အမေက ချောလို့" ဆိုတော့ "အေး မင်းပဲ ပြော" တဲ့လေ။ အမေ အဲ့လိုပြောတော့မှ 'ဟိုကြောင်လူကြီးကလည်း အမေချောတာ သိတယ်ဗျ' လို့ ပြောမိတော့မတတ်ဘဲ။ မကောင်းလောက်ဘူး ထင်တယ်ဆိုပြီး ပါးစပ်ကို ဘရိတ်အုပ်လိုက်ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"နေ့ခင်းက မဆွေ ဖုန်းဆက်တယ်၊ ဒီတစ်ခေါက်တော့ ပွဲဖြစ်ဖို့ များတယ် ပြောသွားတာပဲ၊ ဝယ်မယ့်သူတွေက အမေတို့တိုက်ကို တော်တော်ကြိုက်ပုံ ရတယ်တဲ့လေ"

အမေက ပခုံးတင် ယောဂီတဘက်လေးကို သေသေသပ်သပ်ဖြစ်အောင် ခေါက်နေရင်းက ပြောဖို့ သတိရသွားသလို ပြောလာတာ။ "ဩော် ဟုတ်" လို့သာ စကားထောက်ရင်း စကားမှားမသွားအောင်၊ စကားလွန်မသွားအောင် သတိကြီးကြီး ထားရပြီပေါ့။ ဝယ်လက်တွေက အနီးအနားဝန်းကျင်က စကားသံတွေ ကြားရင် ပြောင်းလဲသွားနိုင်တယ်ဆိုတာ သတိပေးရလောက်အောင် အမေက ကလေးလေး တစ်ယောက်မှ မဟုတ်တာ။ အမေ တွေးတတ်မှာပါလေ။ တကယ်ဆို သူ စိတ်ကြိုက် ပုံဖော်ခဲ့တဲ့ အင်မတန် သံယောဇဉ်ကြီးရတဲ့ သူတို့တိုက်ကို အမေ နည်းနည်းမှ ရောင်းချင်ခဲ့မှာ မဟုတ်ဘူးဆိုတာ ခံစားမိတယ်။

ဒါပေမဲ့ ဒီတိုက်ကို ရောင်းလိုက်ရင် ဒီတိုက်နဲ့အတူ ပြီးခဲ့တဲ့ အငွေ့အသက် တွေ အကုန်ပါသွားမယ်လို့များ ထင်မြင်ယူဆနေသလား မသိဘူး။ ဒီမှာ လာနေပြီး တော့ကို ဟိုဘက်ကတိုက်ကို အခွဲ့အတိုင်းပြပြီး အရောင်းမြန်မြန်ထက်ထက်ဖြစ် အောင် ကြိုးစားနေတော့တာပဲ။ သူ့အတွက်ကတော့ အမေစိတ်ချမ်းသာရေးသည်သာ အဓိကမို့ ဘာလုပ်လုပ် အမေ့သဘောအတိုင်းသာ။

တစ်ခုပဲ တစ်ခုလေးပဲ။ အမေ့ကို တိုးလျှိုး တောင်းပန်ပြီးတော့ပဲဖြစ်ဖြစ်၊ မထောက်မညှာဘဲဖြစ်ဖြစ် 'ဒီလိုဖြစ်သွားတာရဲ့ အကြောင်းရင်းက ဘာလဲ၊ အမေ သိမှာပါ အမေသိလောက်မှာပါ သားလည်း သိထားသင့်တယ်' ဆိုတာမျိုးလောက် တော့ မေးကြည့်ချင် ပြောကြည့်ချင်သား။ အခု မဟုတ်ပါဘူး။ အမေ့ရင်ထဲက အနာတွေ ကျက်လောက်တဲ့အထိ စောင့်ပြီးမှ မေးချင်တာပါ။ အခုတော့ မမေးရက် မမေးရဲသေးဘူး။ အမေကြိုက်တာလုပ် အမေကောင်းမယ်ထင်ရင် ပြီးရော၊ အမေ စိတ်ချမ်းသာရင်ပြီးရော ဆိုတာမျိုး အကုန် လိုက်လျောနေဖြစ်တော့တာပဲ။

"ဂျိန်း"

"အမလေး"

မိုးခြိမ်းသံက ကြောက်စရာ လွန်လွန်း။ အမေ့ကိုယ်လုံးလေး ဆတ်ခနဲ တုန်သွားပြီး ချက်ချင်းပဲ မျက်နှာက ဖြူဆုတ်ဖျော့တော့သွားလိုက်တာ သနားစရာ။ "ကျွန်တော် ရှိတယ် ဘာမှမဖြစ်ဘူး" ဆိုတဲ့စကားကို တွင်တွင်ပြောပြီး အမေ့ကို ထွေးဖက်ထားမိတော့ ပီဘိ ကလေးငယ်တစ်ယောက်လို အမေ့ပုံစံလေးက ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

ရင်ခွင်ထဲမှာ ကွေးကွေးလေး။

အမေ့လက်လေးတွေက တဆတ်ဆတ် တုန်ရီနေလို့ ကျွန်တော့်လက်နဲ့ သာသာလေး ဆုပ်ထားမိတယ်။ မိုးည… မိုးညတွေကို အမေ ကြောက်ရှာမယ်။ ကျွန်တော်တောင် စိုးလန့်နေမိသေးတာ။ အမေ ပိုကြောက်ရှာမယ်လို့ ကိုယ်ချင်းစာမိတယ်။ အဲ့ဒီညက မိုးတွင်းမဟုတ်ဘဲ မုန်တိုင်းအရှိန်နဲ့ မိုးတွေ ရွာနေခဲ့တာ။ ဒီလိုပဲ ကြောက်စရာ တဂျိန်းဂျိန်း အသံတွေနဲ့ အိမ်ဘေးက သစ်ပင်တွေကလည်း နတ်ဆိုးကနေသလို လှုပ်ရှားယိမ်းထိုးနေတဲ့ည။ အမေ ဘယ်လောက်တောင်များ ထိတ်လန့်တုန်လှုပ်သွားခဲ့မလဲ။ အမေရော ကျွန်တော်ပါ ထိတ်လန့် တုန်လှုပ်ရခြင်းက အတူတူပါပဲ ဆိုရင်တောင် ပထမဆုံး မြင်တွေ့ထိတ်လန့်ရတဲ့သူက အတုန်လှုပ်ဆုံး ဖြစ်နေခဲ့မှာပါလေ။

သေချာပါတယ်။ ဒီညလည်း အမေ အိပ်မပျော်နိုင်ဘူး။ အမေ့ခုတင်ဘေးထိုင်စောင့်ပြီး အမေ မအိပ်မချင်း ဘုရားစာ တိုးတိုးရွတ်ပေးရတော့မှာပေါ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

ကိုစိုင်းက အတော့်ကို အနေရခက်ပြီး အားတုံ့အားနာဖြစ်နေဟန်နဲ့ ကျွန်မကို ကြည့်တယ်။ "ကျွန်တော်က မငြိမ်း သိတယ် ထင်နေတာ" ဆိုတဲ့ စကားကို အဓိပ္ပာယ်တူ ပုံစံပြောင်းနဲ့ ပြောနေတာ ဘယ်နှခေါက်လဲ မသိတော့ဘူး။ ဟုတ်တာပေါ့။ ဇနီးမယားတစ်ယောက် မသိဘဲ 'သိန်းတစ်ရာ' ဆိုတဲ့ ပိုက်ဆံကို ဘယ်ယောက်ျားများက လွယ်လွယ်နဲ့ တစ်ဖက်သားကို ကူညီမှာမို့လို့လဲ။

အခုလည်း သူ ဖွင့်ပြောလို့ ကျွန်မသိရတာ မဟုတ်ဘူး။ သူ့လတ်တလော အသုံးကိစ္စလေးတစ်ခုအတွက် ကျွန်မဆီ ပိုက်ဆံတောင်းနေလို့ "အစ်ကို့ထဲကပဲ သုံးထားလိုက်လေ"လို့ ပြောလိုက်မိရင်းကမှ အစဆွဲထုတ်သလို ဖြစ်သွားခဲ့တာ။

"အားနာလိုက်တာ မငြိမ်းရာ၊ ကျွန်တော့်ကြောင့် မငြိမ်းတို့ ကွိုင်တက်သွားကြတယ် ထင်တယ်၊ ရှေ့လထဲ ဒီပိုက်ဆံ ဆက်ဆက်ပြန်ဆပ်မှာနော်၊ မပူနဲ့နော် မငြိမ်း"

"ရပါတယ်" ဆိုတဲ့ စကားကလွဲပြီး ပြောစရာစကားရှိမနေဘူး။ ကိုစိုင်း ပြန်ဆပ်ခြင်း မဆပ်ခြင်းဆိုတာကလည်း သူနဲ့သာ သက်ဆိုင်နေတာမို့ ဆပ်ပါလို့ ဝင်မပြောလိုသလို မဆပ်ပါနဲ့လို့လည်း ပြောစရာအကြောင်း မရှိဘူးလေ။ ဒါပေမဲ့ ဒီအကြောင်းအရာကို ကျွန်မ သိနေတယ်၊ ဒီအတွက် လင်မယား ကတောက်ကဆ အနည်းငယ်ရှိတယ် ဆိုတာလောက်တော့ ကိုစိုင်း သိစေချင်တယ်။ ဒီလောက်ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


"ကိုစိုင်း အမေက ဘာဖြစ်တာလဲ အခုရော သက်သာပြီလား"

"တရှောင်ရှောင်ဖြစ်နေတာတော့ကြာပြီ၊ လူကြီးမို့ အားနည်းတာပဲထင်တာ၊ တလောကမှ check-up လုပ်ကြည့်လိုက်တာ အစာအိမ်ဆိုလို့ တော်တော်ကုယူလိုက်ရတယ် မငြိမ်းရေ၊ ကျွန်တော်လည်း ပြိုင်းသွားတာပဲ၊ မောင်ဆုပဲ အစစကူညီတာပါ၊ တကယ် ကျေးဇူးတင်ပါတယ် မငြိမ်းရယ်၊ မောင်ဆု မငြိမ်းကို အသိမပေးခဲ့တာကို တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် ပြန်ဆပ်မှာနော် စိတ်ချပါ"

" ငြိမ်း... ငြိမ်း... ကိုစိုင်း ... ငြိမ်း ဒီမှာရှိလား တံခါးဖွင့်စမ်းပါ"

ပြေပြေလည်လည်ကြီး မဟုတ်လှပေမယ့် အဆင်ပြေချင်ယောင်ဆောင်ပြီး အေးအေးသက်သာ ပြောနေကြတဲ့ ကျွန်မရော၊ ကိုစိုင်းရော ဒီအသံကြောင့် လန့်သွားတာပဲ။ ကျွန်မနာမည်ကို ခေါ်လည်းခေါ် သံပန်းတံခါးကိုလည်း ကိုင်လှုပ်နေတဲ့အသံက တကယ်လန့်စရာ။ သူ ဘာတွေ အရေးကြီးလာပါလိမ့် ။ "မောင်ဆုဗျ၊ ခဏနော် မငြိမ်း" ဆိုပြီး ကိုစိုင်း ထထွက်သွားတယ်။

အိမ်ရှင်က တံခါးသွားဖွင့်ပေးနေမှတော့ ကျွန်မလည်း ကိုစိုင်းဧည့်ခံထားတဲ့ လိမ္မော်ရည်ဖန်ခွက်ကို ကောက်သောက်ရင်း သူတို့ ပြန်ဝင်လာတာစောင့်ရုံပေါ့။

ကျွန်မတောင် လိမ္မော်ရည် အကုန်သောက်ပြီးသွားပြီ။ သူတို့ ဧည့်ခန်းထဲရောက်မလာကြသေးဘူး။ ဘာတွေများဖြစ်နေလို့ပါလိမ့် ဆိုတဲ့အတွေးနဲ့ ကျွန်မထသွားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဩော် သူတို့နှစ်ယောက်က ကျွန်မရှိရာဧည့်ခန်းကို တန်းဝင်မလာဘဲ တံခါးဝနားမှာ နှစ်ယောက်သား တိုးတိုးတိုးတိုးနဲ့ ရှင်းနေကြတာ။ ကိုစိုင်းက ဒေါသဖြစ်နေတဲ့ ကျွန်မယောက်ျားကို ဖျောင်းဖျနေတဲ့ဟန်ပဲ။ နေပါဦး သူ ဒေါသဖြစ်စရာအကြောင်းက ဘာများပါလိမ့်။ ကျွန်မနာမည်ကိုခေါ်ပြီး ဝင်လာတာဆိုတော့ သူ့ဒေါသ ကျွန်မနဲ့များ သက်ဆိုင်နေလေသလား။

"မောင်ဆု... ငါ ပြောတာယုံ ဟေ့ကောင်၊ တကယ် အေးဆေး၊ ဘာမှ မဖြစ်ဘူး"

ကိုစိုင်းက သူ့ပခုံးကိုကိုင်ပြီး အဲ့ဒီစကားကို ပြောနေပေမယ့် သူကတော့ အသက်ကို ခပ်ပြင်းပြင်းရှူပြီး အတော်မကျေနိုင် မချမ်းနိုင်ဖြစ်နေတဲ့ပုံပဲ။ ကျွန်မလည်း ဒီအတိုင်း ရပ်ကြည့်မနေနိုင်တော့ဘူး။

"အစ်ကို ရှင် ဘာဖြစ်လာတာလဲ"

ကျွန်မ အသံကိုကြားတော့ သူ ဆတ်ခနဲ ကျွန်မဘက်ကို လှမ်းကြည့်လာတယ်။ သူ့အကြည့်ကို မြင်တဲ့အချိန် ကျွန်မ ပါးစပ်အဟောင်းသား ဖြစ်သွားတဲ့အထိ။

mgyoe.com

mgyoe.com SAMPLE BOOK

မီးဝင်းဝင်းတောက်တယ်ဆိုတာ ဒီအကြည့်မျိုးကို ခေါ်တာနေမှာ။ တကယ့်ကို ဒေါသတကြီး တစ်ခုခု စိတ်လိုက်မာန်ပါ လုပ်ပစ်ချင်နေတဲ့အကြည့်။

"ဘာလဲ ဘာဖြစ်တာလဲ"

ကျွန်မအသံက ခပ်ဆတ်ဆတ် အသံဖြစ်သွားမယ်ထင်တယ်။ တကယ်တော့ ကျွန်မ ဒေါသထွက်လို့ မဟုတ်ပါဘူး။ သိချင်ဇောနဲ့ မေးလိုက်မိတာ။ ကိုယ့်ကို ဘလိုင်းကြီး ဒီလိုလာကြည့်နေလို့ ခန္ဓာကိုယ်က အလိုလိုတုံ့ပြန်ပြီး အသံဆတ်သွားတာတော့ မတတ်နိုင်ဘူးကွယ်။ ဒီလိုအကြည့်နဲ့ အကြည့်ခံရရင် ချိုသာအေးမြ အသံလေးနဲ့ အေးကွယ် နော်ကွယ်လုပ်ပြီး ဘယ်သူမှ တုံ့ပြန်မေးနိုင်မှာ မဟုတ်တာ သေချာပါတယ်။

သူ ကျွန်မအနားကို လွှားခနဲ ရောက်လာတာများ ကိုစိုင်း ဆွဲတာတောင် မမီလိုက်တော့ဘူး။

"မင်း ငါ့ အရှက်ရအောင် လာလုပ်တာလား"

ဟင် ဘာစကားကြီးလဲ။ ကျွန်မ သူ ပြောတဲ့ စကားကို နားမလည်ဘူး။ နားမလည်လို့လည်း ပြူးကြောင်ကြောင် ပြန်ကြည့်နေမိတာကို သူက ဘယ်လို နားလည်သွားတယ် မပြောတတ်ဘူး။ 'ဒီကိုလာပြီး ဘာတွေပြောနေတာလဲ ပြောချင်ရင် ငါ့ကိုပြော ငါ့ကိုပြော' ဆိုပြီး အနားကပ်လာတယ်။ နောက်တော့ ကျွန်မမျက်နှာလည်း လည်ထွက်သွားလိုက်တာများ မျက်လုံးထဲ ကြယ်တွေ၊ လတွေ မြင်ကုန်တဲ့အထိပဲ။ သူ ကျွန်မကို လက်ပြန်ရိုက်ချလိုက်တာပဲ။ အရိုက်ခံရလို့ ပါးပြင်က ဖျဉ်းဖျဉ်းထ နာသလို အသဲနှလုံးထဲကလည်း ရှက်လွန်း၊ မခံချင်လွန်းလို့ ဆတ်ဆတ်ခါနာလိုက်တာမှလေ။ ဘာလဲ ဘာလို့ သူ ကျွန်မကို ရိုက်ရတာလဲ။ မရဘူး ကျွန်မကို ဒီလိုလုပ်လို့ မရဘူး။ ဘာမှလည်း မမှားဘဲနဲ့ အသားလွတ်နာကျင်အောင် နှိပ်စက်လို့ မရဘူး။ မှားတာက ဘယ်သူလဲ။ မှားနေတာ ဘယ်သူလဲ။ ခင်ငြိမ်းသက် ဘယ်လိုမိန်းမလဲဆိုတာ ရှင်သိစေရမယ်။

ကျွန်မ မျက်လုံးတစ်ချက် အဝေ့မှာတင် အနားက ပန်းအိုးက လက်ထဲကောက်ကိုင်ဆွဲယူပြီးသားပဲ။ စိတ်ထက်တောင်မြန်သေးတဲ့ လက်က ပန်းအိုးကို ဆွဲယူပြီး သူ့ခေါင်းကို ချက်ချင်း လွှဲပေါက်ထည့်လိုက်တယ်။ ဒေါသအရှိန်နဲ့ ပြာနေပေမယ့် လက်ဆက နည်းနည်းမှ မလွဲဘူး။ အားခနဲ အော်သံအကျယ်ကြီးနဲ့အတူ ကိုစိုင်းရဲ့ 'မောင်ဆု'ဆိုတဲ့ အသံကြီးကလည်း ထပ်တူထပ်မျှ စိုးရိမ်တကြီးထွက်လာတယ်။ သွေးတွေ... အား သူ့ခေါင်းမှာ သွေးတွေ အများကြီး စီးကျကုန်ပြီ...။

mgyoe.com

mgyoe.com SAMPLE BOOK

"အမေ အမေ့... အမေ အိပ်မက်ဆိုးတွေ မက်ပြန်ပြီထင်တယ်၊ အမေ ရေသောက်မလား၊ နည်းနည်းသောက်လိုက်နော်... မျက်လုံးဖွင့်ပါဦး၊ ဖွင့်ကြည့်ပါဦး အမေ အိပ်မက် မက်နေတာ"

တတွတ်တွတ် တဖွဖွ အသံလေး။ သက်ရှိတွေထဲက ချစ်စရာအကောင်းဆုံး အသံလေး။ ဒီလိုအသံမျိုးကို ဒီလို သားလေးဆီကပဲ ကျွန်မ ခံစားလို့ ရနိုင်တာ။ အမေကို အနှိုင်းမဲ့ချစ်တဲ့အသံလေး... အိုး စိတ်တွေ လုံခြုံအေးချမ်းသွားလိုက်တာ။ သားလေးရှိနေတယ် ဘေးနားမှာ ငါ့သားလေး ရှိနေတယ်ဆိုတဲ့ အသိက ကျွန်မကို ဒီကမ္ဘာမြေပေါ်မှာ ဆက်နေဖို့ အကောင်းဆုံး ဆွဲအားတစ်ခုပဲ။

အိပ်မက်ကို အိပ်မက်ပဲလို့ သိပြီး ပျော်ရွှင်သွားရတဲ့အရသာက အိပ်မက် ဆိုး မက်ဖူးသူတိုင်းမှ သိတာလား။ အမလေး ရှင် နေလို့ထိုင်လို့ကောင်းသွားပြီး လွတ်မြောက်သလို ပေါ့ပါးသွားတဲ့ခံစားမှုက ဘာနဲ့မှ မလဲနိုင်ဘူး။ ပြီးတော့ ဘေးမှာ ကျွန်မဘေးမှာ သားလေးရှိနေတယ်။ သားတိုက်တဲ့ရေကို မော့သောက်ပြီး အရက်ပြေ ချွေးစေးတွေကို သုတ်နေမိတယ်။ သားက ဘာမှ မမေးရှာပါဘူး။ တကယ်တော့ သားမှာ ကျွန်မကို မေးချင် ပြောချင်နေတဲ့ကိစ္စ တော်တော်များများ ရှိနေမယ်ဆိုတာ ကျွန်မ သိတာပေါ့။ ဒါပေမဲ့ သူ မမေးရှာဘူး။ အခုထိ မမေးလာသေးဘူး ဆိုပါ တော့။ ဒါကိုက ကျွန်မအပေါ် သားရဲ့ မေတ္တာတရားနဲ့ ငဲ့ညှာမှုလို့တွေးပြီး ကျေနပ် ရတယ်။

"ပြန်အိပ်တော့မလား အမေ၊ သား ထိုင်စောင့်ပေးရဦးမလား"

"ရတယ် မေ တရားမှတ်လိုက်ဦးမယ်၊ ပြီးတော့မှ ပြန်အိပ်တော့မယ်၊ သား သွားအိပ်တော့"

"ဖြစ်တယ်နော်"

စိတ်မချသလို မေးနေတဲ့ သားကို ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရင်း သွား သွားဆိုတဲ့ပုံသာ လုပ်ပြလိုက်မိတယ်။ သားက လက်မလေးထောင်ပြရင်း ခြင်ထောင် အနားစတွေကို စောင်အောက် သေချာထိုးထည့် ဖိပေးတုန်းမှာပဲ တစ်ခုခု လွတ်ကျ ကွဲသံလိုမျိုး အသံကျယ်ကြီးတစ်ခု ကြားလိုက်ရတာပဲ။ သားအမိနှစ်ယောက်သား ဘာသံလဲ ဆိုတဲ့ပုံနဲ့ တစ်ယောက်မျက်နှာတစ်ယောက် အဖြေရှာသလို ကြည့်ရင်း နားစွင့်လိုက်တော့ ဒေါသတကြီး အော်ဟစ်နေတဲ့ အသံတစ်သံ ဆက်တိုက်ဆိုသလို ကြားရတယ်။

"ကြောင်လူလား"

mgyoe.com

mgyoe.com SAMPLE BOOK

"မဖြစ်နိုင်ဘူး၊ သူက ဘာအော်စရာရှိမှာလဲ"

ဟုတ်သားပဲ တွေးရင်း ဆက်နားစွင့်လိုက်တော့ ဗလုံးဗထွေးအသံက ဒေါ်သသံဆိုတာက လွဲပြီး စကားလုံး မကွဲဘူး။ "ဘေးအိမ်က အဘိုးကြီးနေမှာ" လို့ သားဆိုတော့ ဟုတ်မှာ သူပဲရှိတာလို့ စိတ်ထဲက တွေးဖြစ်ရဲ့။ မိသားစုရှိရင် ပြဿနာတော့ ရှိကြမှာပဲပေါ့လေ။ မဆိုင်တာတွေ ကြားချင် သိချင်မနေနဲ့လို့ ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း တရားမှတ်ဖို့ ပြင်လိုက်တယ်။

ခန္ဓာကို သက်သောင့်သက်သာဖြစ်အောင် ထိုင်ရင်း တရားစမှတ်တယ်။ နှာသီးဖျားထိ တိုးထိ ဝင်လေ ထွက်လေ... ဝင်လေ ထွက်လေ။ စိတ်အတွေးကလည်း လွင့်ပျံ့လိုက် ပြန်ကပ်လိုက်... နှာသီးဖျားလေက သိလိုက် မသိလိုက်။ အတွေးအာရုံအားလုံးကို ပစ္စုပ္ပန်တည့်တည့်ရှိနေချင်တဲ့ ကျွန်မကတော့ ကြိုးစားရှုမှတ်နေရဆဲပေါ့လေ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းတို့လည်း ငါ့ကို ရှိတယ်လို့ မမှတ်နဲ့တော့၊ ငါလည်း မင်းတို့ကို အကုန်လွှတ်ချထားလိုက်ပြီ၊ ဒီမှာ ဇော်ဝင်းနိုင်၊ ဟော့ကောင်... တော်... တော် မင်း ဘာမှ ပြောမနေနဲ့တော့၊ ငါပြောတာပဲ နားထောင်၊ နောက်နောင် မင်းတို့ပြဿနာတွေ ငါ့ဆီ ဘယ်သူမှ သယ်မလာနဲ့... ဟ ငါ အသက် ခုနစ်ဆယ်ကျော်ပြီကွ၊ တွင်းထဲ ဝင်ရတော့မယ်၊ မင်းတို့ဟာတွေ ငါက လိုက်ရှင်းပေးနေရဦးမှာလား... တော်စမ်းပါ ကွာ၊ ယဉ်မေ့သားတွေက ယဉ်မေ သောက်ချိုးတွေချည်းပါပဲ၊ အေး... ဒါပဲ ဟော့ကောင် မင်း နောက်တစ်ခါ ငါ့ဆီ ဖုန်းဆက်စရာအကြောင်း မရှိဘူး ဒါပဲ"

မီးချောင်းကို အပြီးသပ် တပ်ပေးနေရင်းက အဘိုးကြီးစကားတွေ နားမ ထောင်ဘဲ ကြားနေရရင်း ကြမ်းလှချည်လားဟလို့ တွေးဖြစ်တယ်။ အဘိုးကြီးက အသက်ခုနစ်ဆယ်ကျော်ပြီသာ ဆိုတယ် အသံကြီးက မာချာလိုက်တာမှ အသံသြဇာ အတော်ကောင်းသူလို့ ဆိုရမယ်။ ဒီလူကြီး စကားရိုးရိုးပြောရင်တောင် လေသံက ခပ်ကျယ်ကျယ် ခပ်မာမာဆိုတော့ သူ ဒေါသထွက်ရင် ကီးက နှစ်ဆ သုံးဆလောက် မြင့်တက်တယ် ထင်တယ်။

သူတို့ ပြောင်းလာတာလည်း သီတင်းနှစ်ပတ်ကျော်ပြီဆိုတော့ မခင်ချင် မသိချင်လို့လည်း မရဘူး။ ပိန်တူးလေးက ဟိုဟာ လာငှားလိုက် ဒီဟာ လာငှားလိုက် လုပ်တာကတစ်မျိုး၊ အဘိုးကြီးက ဒီဟာလေး ကူညီပါဦး ဟိုဟာလေး ကူညီပါဦး

mgyoe.com

mgyoe.com SAMPLE BOOK

လာ လာခိုင်းတာက တစ်မျိုးနဲ့ ပတ်ပတ်သက်သက်တွေ ရှိနေရတော့တာပဲ။ သူတို့ အကြောင်းလည်း တမင်ကြီး စပ်စုစရာမလိုဘဲနဲ့ကို ဇာတ်ကွက်တွေက ပေါ်ပေါ်လာတာ။ အိပ်ရာထဲလဲနေတဲ့ မကျန်းမာတဲ့အန်တီကြီးက ဒီဘိုးတော်ရဲ့ မိန်းမဆိုတာရယ်၊ ဟိုပိန်တူးလေးက သူတို့ဆွေနီးမျိုးစပ်ထဲက တစ်ယောက်ကို ပြန်မွေးစားထားတာဆိုတာရယ် အဘိုးကြီးက အလွန်အမင်း ကပ်စီးနဲ့သူတစ်ယောက် ဆိုတာရယ်အပြင် ဂွတီးဂွကျ မာရေကြောရေနိုင်သူဆိုတာလည်း အကဲခတ်လိုက်နိုင်ပြီ။

ဟိုပိန်တူးလေးနဲ့ တွေ့ခါစက သူ့ကို တော်တော်ကျွေးနိုင်တာပဲ ဆိုတဲ့ မှတ်ချက်ပေးသွားတာကို အခုအချိန်တော့ ကိုယ် ကောင်းကောင်းနားလည်သွားပါပြီ။ ဆန်ဆေးရေကို သွန်မပစ်ခိုင်းဘဲ အကြမ်းသုံးအတွက် ထားတတ်တဲ့သူ၊ တစ်ခုခုစားခါနီးတိုင်း 'ကုန်သလောက်ပဲထည့် ကုန်သလောက်ပဲထည့်' ဆိုတဲ့ စကားကို ရေလည်သုံးတတ်တဲ့သူ၊ သွားကြားထိုးတံတစ်ချောင်းကို နှစ်ဆစ်ပိုင်းပြီးမှ ဖင်တပြန် ခေါင်းတပြန် ထိုးတတ်တဲ့သူ၊ ဟောင်းနွမ်းနေပြီဖြစ်တဲ့ ရှပ်အင်္ကျီကော်လံကိုတောင် ချုပ်ရိုးရအောင်ဖြေပြီး ဟိုဘက် ဒီဘက်လှန်လို့ အသစ်ဖြစ်အောင် ပြန်ပြင်ချုပ်တပ်ဝတ်တဲ့သူဆိုတာမျိုး ဒီအဘိုးကြီးရဲ့ ကိုယ်ပိုင်အရည်အသွေးတွေကို ဝင်ထွက် သွားလာရင်း သူ မြင်ပြီးပြီလေ။ ဒါကြောင့်လည်း ပိန်တူးလေးက ကြောင်ကောင်ရေများစွာကို တင်ကျွေးထားနိုင်တဲ့ ကိုယ့်ကို ရက်ရော လက်ဖွာသူရယ် သတ်မှတ်ပြီး တော်တော်ကျွေးနိုင်တာပဲလို့ မှတ်ချက်ပေးသွားတယ် ထင်ပါရဲ့။

သူကတော့ အိပ်ရာထဲလဲနေတဲ့ မကျန်းမာတဲ့ ဇနီးသည်ကိုတောင် လည်ပင်းကျိုးမတတ် ဆွဲပေးထားတဲ့ ဆွဲကြိုးကြီးရဲ့ ရွှေချိန်ပမာဏကို ကောင်းကောင်း မှန်းတတ်သူမို့ အဘိုးကြီးကို လျှော့မတွက်ပါ။ အဘိုးကြီး လက်မြှောက် စကားပြောလိုက်တိုင်း ဝင်းခနဲ ဝင်းခနဲ ပြိုးပြက်ဝင်းလက်သွားတတ်တဲ့ လက်က စိန်မြရံခြယ် လက်စွပ်ကြီးရဲ့ တန်ကြေးကလည်း ခေတ်ကာလပေါက်စျေးအရ မသေးလှဘူးဆိုတာ သူ သိတာပေါ့။ ဒီတော့လည်း အဘိုးကြီးက မရှိလို့ စေးနဲသူမဟုတ်၊ ရှိအောင်နေတတ်ခဲ့လို့ စည်းကမ်းအကျ လွန်နေသူလို့သာ သုံးသပ်မိတော့တာ။

"ပြီးပြီ အန်ကယ်ကြီး အိုကေသွားပြီ"

မျက်နှာကြက် မီးချောင်းလဲ ပြီးသွားပြီမို့ ခုံပေါ်က ဆင်းရင်း ပြောလိုက်တဲ့အချိန် အခုနက အော်ဟစ် ဖုန်းပြောနေတဲ့ ဘိုးတော်က အနားမှာ ရှိမနေတော့ဘူး။ ခုတင်ပေါ်က အန်တီကြီးက လေသံတိုးတိုးနဲ့ 'ဝရန်တာမှာထင်တယ်' လို့ လမ်းညွှန်တယ်။ အန်တီကြီးကို အပြုံးနဲ့ ခေါင်းညွှတ် နှုတ်ဆက်လိုက်ရင်း ဝရန်

mgyoe.com

mgyoe.com SAMPLE BOOK

တာကို ထွက်လာလိုက်တော့ ဘိုးတော်က ဒီမှာ ဇရက်မင်းစည်းစိမ် ခံစားနေတာ ဗျာ။

"လာ ညီလေး ပြီးသွားပြီလား၊ သိုင်းကျူးကွာ သိုင်းကျူး"

ဟမ် ဆိုပြီး စိတ်ထဲ နည်းနည်းနင်သွားတာ အမှန်ပဲ။ ကိုယ့်အသက်က အခုမှ လေးဆယ်ပြည့်မှာလေ။ ခုနစ်ဆယ်ကျော်နေတဲ့ ဘိုးတော်က အဖေအရွယ် ဦးလေးအရွယ် မဟုတ်ဘူးလား။ ဒီလိုအရွယ်က ကိုယ့်ကို နာမ်စားခေါ်ဝေါ်သုံးစွဲရင် တူသားလောက်တော့ သုံးသင့်တယ် မဟုတ်ဘူးလား။ အဲ့လိုမှန်းသိ 'အန်ကယ်' လို့ နှုတ်သွက်လျှာသွက် အရင်ခေါ် လိုက်သင့်တာလို့လည်း နောင်တရချင်သလိုလို။

"ထိုင် ညီလေး ချရအောင်ကွာ ညစ်နေတာတွေ ဒါနဲ့ပဲ ဖြေရတာကွ"

"အစ်ကိုကြီးကလည်း ဒါတွေ ရတာပဲ"

မျက်စိမှိတ် အစ်ကိုကြီးလိုက်ရတော့တာပဲဗျို့၊ တတ်နိုင်ဘူးလေ သူ့အရပ်နဲ့ သူ့ဇာတ်ညီအောင်တော့ ပို့ရမှာပဲပေါ့။ မတန်မရာ အခေါ်ခံနေရတော့လည်း မျက်နှာကြီးကို ပြုံးလို့ဗျား။ ဒီလိုနဲ့ အစ်ကိုကြီး ညီလေးလုပ်ရင်း သူတို့ဝိုင်းလေး ပွဲစည်လာတယ်။ ပိန်တူးလေးကလည်း ကြက်ဥကြော် လာချပေးတယ်။ တို့အစ်ကိုကြီး က သဘောမနောကောင်းစွာနဲ့ "ကေသီရေ... ဝက်အူချောင်းလေးပါ ကြော်စမ်းပါ ဟာ" လို့ ထပ်တောင် လုပ်ခိုင်းလိုက်သေးသဗျာ။ ဒီလိုတော့လည်း ကပ်စေးဘယ်မှာ နဲလို့တုန်းလို့ စိတ်ထဲ တွေးမိရသေးတယ်။

အစ်ကိုကြီး ခေါ်သံကြားတော့မှ ပိန်တူးလေး နာမည်ကိုလည်း 'ကေသီ' လို့ မှတ်မှတ်ထင်ထင်ဖြစ်အောင် မှတ်ရသေး။ အရင်ရက်တွေက ဒီကလေးမနာမည် ကို နားထဲ မစွဲမိဘူးလေ။ ခုတင်ပေါ်က အန်တီကြီးက ဒီကလေးမကို သမီးလို့သာ နာမ်စားသုံး ခေါ်ဝေါ်တတ်တာကိုး။ အခုတော့ မှတ်ပါပြီလေ ကေသီပေါ့။ စိတ်ထဲ တစ်ခါတည်း ဆက်စပ်စဉ်းစားမိတာက ငါ ဒီလူကြီးကို အစ်ကိုကြီးခေါ်ရမှတော့ ခုတင်ပေါ်က အန်တီကြီးကိုလည်း အန်တီကြီးလုပ်လို့ မသင့်ဘူးလို့သာ စိတ်သွင်း ရတယ်။ နောက်တစ်ခါ ပြောဆို ဆက်ဆံစရာရှိရင် အစ်မကြီးလို့သာ ခေါ်ဝေါ် သုံးစွဲရတော့မပေါ့။ အစ်ကိုကြီး၊ အစ်မကြီးနဲ့ မယ်ပိန်တူးလေး ကေသီပေါ့ ကောင်း ကွာလို့ တွေးရင်း လက်ထဲက လက်ကျန်လေး မော့လိုက်တယ်... အားပါး ဂွတ် တယ်ဗျို့။

"ညီလေး မင်း အသက် ဘယ်နှနှစ်လဲ"

"လေးဆယ်ဗျ"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း ငါ့သားအကြီးဆုံးနဲ့ ညီနဲ့ သက်တူရွယ်တူပဲ"

ဟာ တကယ်ဇွတ်နော်။ သားကြီးနဲ့ ရွယ်တူမှန်းလည်း သိသိနဲ့ ညီကတော့ တစ်ခွန်းမှ မလျှော့ဘူးဗျာ။

"အစ်ကိုကြီးက သားသမီး ဘယ်နှယောက်လဲ"

"လေးယောက်ကွ... လေးယောက်လုံး တစ်ကောင်မှ မစွံဘူးကွာ၊ အကုန်လုံး သူ့အမေနဲ့ သွားတူကြတဲ့ဟာတွေ"

အခုနလေးတင် ဖုန်းပြောသံထဲက ကြားလိုက်ရတဲ့ မယဉ်မေဆိုတဲ့ အခေါ်အဝေါ်က ခေါင်းထဲ အချက်ပြသလိုပြန်ပေါ်တယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဒီအစ်ကိုကြီးက မခင်နှင်းဆီတွေ များခဲ့လေရော့သလား ဆိုတဲ့အတွေး စတွေးမိပြီလေ။ နောက်တော့ "မင်း... ဂီတကို စိတ်ဝင်စားလား ညီလေး" ဆိုတဲ့စကားကို ခေါင်းညိတ်လိုက်မိတာ တစ်ခါတည်း အစ်ကိုကြီးရဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲမှာ မျောပါရတော့တာပဲ။ ကျွန်တော်က ဂီတကို စိတ်ဝင်စားတယ်ပဲ ပြောမိတာပါ၊ အစ်ကိုကြီးရဲ့ ဂီတလို့ မပြောမိပါဘူး ခင်ဗျာလို့ စနောက်ချင်စိတ်ကိုလည်း မနည်းအောင့်အီး ထိန်းရပေါ့။ ဟဲတာ... ဟဲတာဆိုတာ မောင့်အချစ်မြားလည်း စူးတယ်။ တက္ကသိုလ်ကျောင်းက ငွေလမင်းလည်း ပါတယ်။ ဘဝသံသရာကိုလည်း ဖြတ်တော့တာပဲဗျို့။

အသက်နဲ့ မလိုက်အောင် အောင်လိုက်တဲ့အသံဗျာ၊ လက်တန်းဆိုတာ တောင် ကီး မလွဲမချော်ဘူး၊ စာသား မမေ့ဘူး၊ ဝရန်တာဘောင်လေးကို လက်နဲ့ ခေါက်လို့တစ်မျိုး၊ သူ့ပေါင်သူ လက်နဲ့ပုတ်လို့တသွယ် ဆိုတာဆိုတာ အနည်းဆုံး ခုနစ်ပုဒ် ရှစ်ပုဒ်လောက်ရှိမယ် ဆက်တိုက်ကစ်တာ။ အဆုံးမတော့ ရှိုက်ကြီးငင်ကြီး ငိုချတော့တာပဲဗျို့။ သူ့သီချင်းနဲ့သူ ပြန်လွမ်းကုန်တာနေမှာ။ အစ်ကိုကြီးငိုနေတာ မြင်တော့လည်း ဒီညီလေးက ရင်ထဲ ဘယ်ကောင်းမလဲ။ ဘာချော့လို့ ချော့ရမှန်း မသိပေမယ့် တောင်ရောက်၊ မြောက်ရောက် ချော့ရတော့တာပဲ။ မသိရင် ကိုယ်တွေ နှစ်ယောက်က မြန်မာဇာတ်ကားတွေထဲက တကယ့် အရက်သမားနှစ်ယောက် စတိုင်လ်အတိုင်းပဲ။

ပတ်စာခွာဖျာသိမ်းတော့ အစ်ကိုကြီးက ပခုံးပုတ်နှုတ်ဆက်တယ်။ "မင်းနဲ့ စကားပြောရတာ ကောင်းတယ်ညီလေး အိမ်ကို အမြဲဝင်ပါ ထွက်ပါကွာ"တဲ့လေ။ ဟုတ်ကဲ့ပါ အစ်ကိုကြီးပေါ့။ ဒီဘက်အိမ်ကို ပြန်ကူးလာရင်း နားထဲမှာ ခုတင်ပေါ်က အန်တီကြီးရဲ့ "မောင်ရေ သောက်တာ များမယ်ကွယ်" ဆိုတဲ့ အသံလေးကို ပြန်

mgyoe.com

mgyoe.com SAMPLE BOOK

ကြားယောင်ပြီး သဘောတကျ ပြုံးရသေးတယ်။ စာရေးဆရာရယ် နှင့်မတော့ မောင်လို့တောင် ဘယ်သူမှ ယောင်လို့ မခေါ်ကြပါလားဟဲ့လို့ တွေးမိလို့ပါဗျာ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

လယ်ဂျာစာအုပ်ရှည်ကြီးထဲ ကျုပ် ရေးချင်တာတွေ သွန်ရေးချနေတာ ရေးလို့ကောင်းလိုက်တာဗျာ။ လက်က အတွေးကိုမီအောင် မလိုက်နိုင်ဘူးဖြစ်နေတော့ တအားသွန်ရေးနေတာ လက်ရေးတွေက ဆရာဝန်လက်ရေးဖြစ်ရောပဲ။ ကျုပ်ရေးထားတာတွေ ကျုပ်ကလွဲ ဘယ်သူမှ ဖတ်တတ်မယ် မထင်ဘူး။ ဖတ်တတ်လည်း ဘယ်သူမှ မဖတ်ကြပါဘူး။ ဖတ်မယ့်သူလည်း မရှိပါဘူး။ ဒီတော့ လက်ရေးက သော့ရုံမကလို့ ဘာဖြစ်ဖြစ်ပေ့ါ။ လောလောဆယ် ကျုပ်ရင်ထဲက ဝေဒနာတွေ ပေ့ါသွားရင် ပြီးတာပဲဟာ။

ကျုပ်မှာ ဒီလို ခံစားချက်တွေ ချရေးကျင့်ရှိတာ ဟိုဘက်ခြံက စာရေးဆရာ သိရင် အတော်အံ့ဩမှာ သေချာတယ်။ သူက ကျုပ် သီချင်းဆိုနိုင်တာကိုကြည့်ပြီး "အစ်ကိုကြီး လေးစားတယ်ဗျာ" လုပ်နေသေးတာ။ စာရေးတာများသိရင် ထိုင်တောင် ရှိခိုးချင်သွားမယ်။ ကျုပ်ဘဝမှာ ဒိုင်ယာရီရေးသလို ခံစားချက်တွေပေါ် တိုင်း ရေး ရေးလာတာဆိုတာ ဒီလို ဘုတ်အုပ်ရှည်ကြီးတွေ အများကြီးမှ အများကြီးရယ်။ ခင်လေး နေကောင်းတုန်းကတော့ ကျုပ်ရေးသမျှ သူက ဒိုင်ခံဖတ် မျက်ရည်လေး တစမ်းစမ်းလုပ်ပြီးရင် သူပဲ တသသ သိမ်းထား ထပ်ထားလုပ်တတ်တာ။ အခုတော့ သူလည်း သူ့လက် သူ့ခြေတောင် အနိုင်နိုင်ဟာ ကျုပ် ရေးတာတွေလည်း လှည့် မကြည့်နိုင်တော့ပါဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျုပ်သား အငယ်ဆုံးကောင်ကတော့ ကျုပ်စာတွေ ဖတ်ကြည့်ပြီး တဟားဟား ရယ်ဖူးတယ်။ "အဖေရေးတဲ့ ပုံစံက ခေတ်မမီတော့ဘူး၊ အခုခေတ် ဒီလို အတုံးလိုက် အတစ်လိုက်ကြီး ခံစားချက်ကို မပြောကြတော့ဘူး၊ ပါးပါးလေးတွေ ပြတာ" တဲ့။ ဖွီ ဘာပါးပါးလေးလဲ။ ပါးပြီဆိုမှတော့ ဘယ်လိုလုပ် အနှစ်သာရရှိမလဲ။ ကျုပ်ကလည်း အနှစ်သာရရှိချင်လို့ ရေးတာမဟုတ်ပါဘူး။ ကျုပ် ဒီလိုတွေ ချချရေး တယ်ဆိုတာက ဟိုးငယ်ငယ်လေးကတည်းက ခံစားချက်တွေ မထိန်းနိုင်တဲ့အခါ ဖွင့်ချရေးရင်းနဲ့ အကျင့်ပါသွားတာ။ ပြောရရင် ကျော်ရင်တို့ကလည်း ငယ်ငယ် ကတည်းက ဇာတ်က နာခဲ့သကိုး။ ကျုပ် တွေးတယ် လူ့ဘဝဆိုတာ ကံဇာတ်ဆရာ ကြီးဆွဲရာ ကရသကို။ ဒါဖြင့် ကျော်ရင့်ဇာတ်ဆရာကျ အလွမ်းကကြိုးတွေချည်း ဘယ့်နှယ်လုပ် ဆွဲနေရတာတုန်းဗျာ။ ကလိုက်ရတဲ့ အလွမ်းဇာတ်။ ကျလိုက်ရတဲ့ မျက်ရည်။ ကျော်ရင်က ဘဝတစ်သက်လုံး ခံဘက်ကချည်းပဲ။

တစ်ဘဝလုံး သူများတွေအတွက်ချည်း ပေးဆပ်နေရတာဗျာ။

အရွယ်မရောက်ခင်ကလည်း မုဆိုးမ အမေနဲ့ အဘွားအတွက်ရယ်၊ အဒေါ် အပျိုကြီးအတွက်ရယ်၊ ဟော အရွယ်ရောက်လို့ တစ်အိုးတစ်အိမ်ထူထောင် မိပြန်တော့လည်း အတ္တကြီးတဲ့ တဘို့တည်းသမား မိန်းမရယ်၊ တစ်လောကလုံး သူတို့အမေပဲ အမေ၊ သူတို့အမေသာလျှင် အမှန်၊ အမေ့ထိ စားကြည့်လုပ်တတ်ကြတဲ့ သား လေးကောင်ရယ်၊ ဘယ်မတုန်း ကျုပ်အတွက် ဆိုတာ။ နာမည်ကောင်းလည်း တစ်ချက်မှ မရဘူးနော်။ အမေကတော့ မဆုံးခင် ပြောသွားရှာသွား။ "ငါ့သား မင်းက သံပုရာတစ်ခြမ်းနဲ့ ချေတာကိုး" တဲ့။ ပြောချင်တဲ့ သဘောကတော့ ကောင်းခဲ့ သမျှ မခင်လေးနဲ့ ဘဝသစ်ထူခဲ့လို့ အားလုံး အချဉ်ပေါက်ရတယ်ပေါ့ဗျာ။ လူဗျလူ။ ထိတိုင်းငြိမ် တို့တိုင်းငုံ့ခံနေရအောင် ဘာသားနဲ့ ထုထားတာမို့လဲ။ မယဉ်မေ သစ္စာ ကြီးတာပဲ လူတွေ မြင်ကြတယ်။ သူ့အတ္တဆူးက ဘယ်လောက်ချွန်တယ် ဆိုတာ အများမမြင်နိုင်ဘူးလေ။ ဒီကောင် ကျော်ရင်တစ်ကောင်ပဲ သိတာ ထိတာ။ ကြာတော့ ဘယ်ခံနိုင်မလဲ။ ပူမယ့်မီးမှန်း သိသိနဲ့ ပိုးဖလံ လုပ်ပြလိုက်တဲ့အထိ လက်တုံ့ပြန်လိုက် မိတာပဲ။ ကျုပ်လည်း ယောကျ်ားတစ်ယောက်လေဗျာ နော်။

ဒါပေမယ့် ကျော်ရင့်ဘဝက အလွမ်းဇာတ်ပါဆို။ ခင်လေးနဲ့ ဘဝသစ် ထူထောင်စကတော့ ငါ လိုချင်တဲ့ ဘဝက ဒါမျိုးဆိုပြီး သိပ်ကျေနပ်ခဲ့တာပေါ့။ မယဉ်မေ အလဲလဲအကွဲကွဲ ဖြစ်ကျန်ခဲ့တာကိုလည်း စိတ်မကောင်းတဲ့ကြားထဲက ကျေနပ်နေမိခဲ့တာပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ခင်လေးဆိုတာကလည်း မယဉ်မေနဲ့များ နံ့သာဆီနဲ့အီး။ ကျုပ်မျက်နှာကို ဘုရားလို မော့ဖူးနေတဲ့သူ။ ကျုပ်ငိုရင်ငို ကျုပ်ညိုရင် သူပါပြိုတဲ့သူ။ ဒီဘဝတော့ လက်ကျန်ကာလတွေမှာ ယောကျ်ားတစ်ယောက်ရဲ့ မာနတံခွန်ထူနိုင်ပြီပဲ မှတ်တာ ပေ့ါ။ ဒါပေမဲ့ မခင်လေးခမျာ ဘယ်လိုကနေ ဘယ်လိုများ ကျန်းကျန်းမာမာကြီး ကနေ အခုလို အိပ်ရာထဲ လဲရတယ် မပြောတတ်တော့ဘူး။ ဝေဒနာတွေဆိုတာ တစ်ခုပြီးတစ်ခု၊ ချုချာလိုက်တာများ အခုတော့ဖြင့် အိပ်ရာထဲ ပက်လက်။ ကျုပ် အံခဲသာနေရတယ် မယဉ်မေတို့ သားအမိတွေ ကျုပ်ကိုကြည့်ပြီး ဟားတိုက်နေကြ မလားဆိုတဲ့ စိတ်နဲ့ မခံချိမခံသာဖြစ်ရတယ်။ အဆင်မပြေဘူး တကယ် အဆင်မပြေ ဘူး။ အသက်ကလည်း ရပ်နေတာ မဟုတ်ဘူးရော။ ဒီပုံအတိုင်းသာ ခင်လေးကလည်း နာတာရှည် ကိုယ်ကလည်း ဆုတ်ယုတ်လာမယ်ဆိုရင် အခက်ပဲ။ လောလောဆယ် တော့ ကေသီလေး အနားရှိလို့သာ လက်ကတုံးတောင်ဝှေး ရှိနေသေးတာ။

တစ်ခါတလေ အင်း တစ်ခါတလေ မဟုတ်ပါဘူးလေ။ အချိန်တော်တော် များများ ကျုပ် အားငယ်စိတ်ဖြစ်ဖြစ်လာတာ အမှန်ပဲ။ ကျုပ်ရဲ့ ဆည်းဆာချိန်က ရှင်းရှင်းလင်းလင်း ဖြစ်မနေမှန်း ကျုပ်သိတယ်။ ဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း မာန်ပြန်တင်းပါတယ်၊ ငါ ကျန်းမာတယ် သန်စွမ်းသေးတယ်၊ ပြောနိုင်ဆိုနိုင် သွားနိုင် လာနိုင်တုန်း ဘယ်သူ့အောက်ကျို့ရမလဲ ဘယ်သူ့မှ ကျို့စရာမလိုဘူး ဆိုပြီး ပြန် ကန်နေမိတာပေ့ါဗျာ။ ခင်လေးကတော့ ပြောရှာသား။ "မောင်ရယ် ရှင့်အသံက မာကလည်းမာ ကျယ်ကလည်း ကျယ်၊ စကားပြောရင် တိုးတိုးပြောပါ၊ ရင်တွေတုန် လို့" တဲ့လေ။ ဟာ့ဟ... ဒီတစ်ခါတော့ ခင်လေး နောက်ကောက်ကျသွားပြီ။ သူ့ ယောကျ်ားလေသံမာတာပဲ သူ မြင်တယ်။ မာတာရဲ့ နောက်က နာနေတာကို သူ မမြင်ဘူး။ နာတာကို ဖုံးချင်လို့ တမင်မာနေရတာဆိုတာ သူ နားလည်အောင်လည်း ပြောမနေတော့ပါဘူးဗျာ။

အင်း... နေ့ခင်းက အကြီးကောင် ဖုန်းဆက်တဲ့ကိစ္စရော အဆင်ပြေရဲ့ လားမသိ။ ခက်တယ် ခက်တယ်။ ကျော်ရင်ဆိုတဲ့ ကောင်ကလည်း ဆယ့်ခြောက်နှစ် သားကတည်းက အိမ်က ထွက်လာပြီး ကိုယ့်အား ကိုယ်ကိုးခဲ့တဲ့ကောင်။ ကျုပ် ဆယ်တန်းအောင်တုန်းကဆို တစ်မြို့လုံးမှ နှစ်ယောက်ပဲ အောင်တာ။ အောင်စာရင်း ကို ရေဒီယိုက ကြေညာတောင် စောင့်နားထောင်ရတဲ့ခေတ်။ အမေမုဆိုးမကြီးနဲ့ ချို့ချို့တဲ့တဲ့ နေရတဲ့ဘဝကနေ ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်ဘဝ ကိုယ်ရုန်းရတာဗျာ။ ဆေးပညာဝါသနာပါပေမယ့် ဆေးကျောင်းတက်လို့ မရဘူး အမေက ပိုက်ဆံမတတ်

mgyoe.com SAMPLE BOOK

နိုင်ဘူးလေ။ သူ့ဒုက္ခမပေးချင်တော့ စတိုင်ပင်ပေးတဲ့ကျောင်း ရွေးပြီး ပညာဆက်သင်ခဲ့တာ။ မိဘဒုက္ခပေးဖို့ နေနေသာသာ အကူအညီတောင်းဖို့တောင် စိတ်မကူးဘူး။ ကျုပ်တို့ခေတ်က ဒီနေ့ကျောင်းပြီး မနက်ဖြန် အလုပ်ဆင်းပဲ။ ကျုပ် အသက်နှစ်ဆယ်ကျော်မှာ လမ်းဗိုလ်စဖြစ်နေပြီ။ ကျုပ်တို့ခေတ်က အရာရှိပေါက်စ လမ်းဗိုလ်ခေါ်တာပဲ။

ကျုပ်ဘဝလိုများ ဒီကောင်တွေ ရှုန်းရရင် ဘယ် ဘဝကို ခါဆင်းသွားမှာ။ မမီပါဘူး ခြေဖျားမပြောနဲ့ အစွန်းအစတောင်မမီဘူး။ အကုန်လုံး အမေတူတွေ။ ဒီအချိန်ကြီးထိ ရသလောက် လက်ဖြန့်တောင်းချင်တဲ့ဟာတွေ။ ကိုယ်စွမ်းကိုယ်စအတော်နည်းတယ် သူတို့မို့ မရှက်တယ်။ ယဉ်မေကလည်း နောက်ကနေ မြှောက်ပေးနေမှာပေါ့။ နင်တို့အဖေမှာရှိတာတွေ နင်တို့မသုံး ဘယ်သူသုံးမလဲ ဆိုတာမျိုး။ ကျော်ရင် ရှာထားတာတွေက မြေကြီးလက်နဲ့သပ် ဉှဖွလုပ် ရှာထားတာမဟုတ်ဘူး။ တစ်ခုမှ အလကားရထားတာ မပါဘူး။ အကုန်လုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ရှာထားတာတွေ။ အခုအချိန်ထိ ကျော်ရင် တစ်ကိုယ်ရေစာ သုံးတာဖြုန်းတာ ဘာမှမရှိဘူး။ သစ္စာပြု ပြောရဲတယ်။ ဒီလို အားနေ လက်ဖြန့်ချင်တဲ့ဟာတွေ နည်းနည်းမှမသဒ္ဓါဘူးဗျာ။ အဖေမပီသဘူး ပြောလည်း ပြောကြတော့။ ဝူး ခေါင်းတွေကိုက်လိုက်တာ ဒင်းတို့အကြောင်းတွေးရင် သွေးက တိုးတယ်။ ဆေးသောက်ဦးမှပါလေ။

♦♦♦

mgyoe.com